# သတင်းလွှာ




အတွဲ(၄)၊အမှတ်(၂၇)။ ၂၀၁၀ ခုနှစ်၊ဇွန်လ(၁၈)ရက်၊သောကြာနေ့

# ပြည်တွင်းသတင်း

## ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များ ပြည်ပနိုင်ငံများနှင့် သတင်းအချက်အလက်များ ဖလှယ်ရာ တွင် လုံခြုံမှုရှိစေရန် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များ မကြာမီထုတ်ပေးသွားမည်

ပြည်တွင်းစီးပွားရေလုပ်ငန်းရှင်များပြည်ပနိုင်ငံများနှင့်သတင်းအချက်အလက်များဖလှယ်ရာတွင် လုံခြုံမှုရှိစေရန် အတွက် ဒစ်ဂျစ်တယ် သက်သေခံလက်မှတ်များကို မြန်မာအင်ဖိုတက်မှ မကြာမီထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုဒစ်ဂျစ်တယ်သက်သေခံလက်မှတ်သည် ပြည်ပနိုင်ငံများနှင့် ငွေပေးငွေယူ ကိစ္စများနှင့် သတင်းအချက်အလက်များ ဖလှယ်ရာတွင် အွန်လိုင်းလုံခြုံမှုအတွက် ထုတ်ပေးခြင်းဖြစ်ကြောင်းသိရသည်။ “ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ကို မကြာမီမှာပြည်တွင်းက စီးပွားရေးလုပ်ငန်းရှင်တွေ ရ ယူသုံးစွဲခွင့်ရရှိတော့မှာပါ။ ဒီလက်မှတ်ထုတ်ပေးနိုင်ဖို့အတွက် လိုအပ်တဲ့ နည်းဥပဒေတွေနဲ့စည်းကမ်းချက်တွေကိုလဲ ရေးဆွဲပြီးပါပြီ။ လက်ရှိစမ်းသပ်ဆောင်ရွက်နေပါတယ်။ကျွန်တော်တို့အနေနဲ့ ဒီနည်းစနစ်အသုံးပြုတဲ့အခါ မှာ လိုအပ်တဲ့နည်းပညာတွေပံပိုးပေးရတာပါ။ ကျန်တဲ့ကိစ္စတွေကိုမြန်မာအင်ဖိုတက်က ဆောင်ရွက်သွားမှာပါ”ဟုမြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းမှ ဦးငြိမ်းဦးကပြောသည်။ ယင်းဒစ်ဂျစ်တယ်သက်သေခံ လက်မှတ်ထုတ်ပေးနိုင်ရန်အတွက် မြန်မာအင်ဖိုတက်အနေဖြင့်မြန်မာ့ဆက်သွယ်ရေးနှင့် ကြေးနန်းဝန်ကြီးဌာနမှခွင့်ပြုချက်ရရှိထားကြောင်း သိရသည်။ “အခုချိန်မှာ နည်းပညာတွေအရမ်းတိုးတက်နေတဲ့အခါ ဖြစ်တော့ အွန်လိုင်းသုံးစွဲတဲ့ အခါမှာ လုံခြုံမှုရှိဖို့လိုအပ်လာပါတယ်။ ပြီးတော့ ပြည်တွင်း စီးပွားရေးလုပ်ငန်းရှင်တချို့ကလဲ အခုချိန်မှာ အွန်လိုင်းစနစ်နဲ့ ပြည်ပနိုင်ငံတွေနဲ့ ဆက်သွယ်ဆောင်ရွက်နေကြပြီဆိုတော့ အွန်လိုင်းလုံခြုံရေးက အရေးကြီးလာပါပြီ။ ဒီလိုမှမဟုတ်ရင် အွန်လိုင်းက မိမိရဲ့ လုပ်ငန်းဆိုင်ရာ အချက်အလက်တွေကို ခိုးယူခံရနိုင်သလို ဝင်ရောက်ဖျက်ဆီးခြင်းတွေခံရနိုင်ပါတယ်။ ဒါကြောင့် ဖြစ်လာနိုင်တဲ့ အရာတွေကို ဖြေရှင်းပေးနိုင်ဖို့ဒစ်ဂျစ်တယ် သက်သေခံလက်မှတ်ထုတ်ပေးနိုင်ဖို့ ဆောင်ရွက်တာပါ” ဟုယင်းက ရှင်းပြသည်။ အဆိုပါဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ကို လိုအပ်သောအချက်အလက်များနှင့် စမ်းသပ်မှုများ ပြီးဆုံးသွားပါက ရယူသုံးစွဲနိုင်မည့်ပုံစံများကို အသေးစိတ် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၅ရက်နေ့ထုတ် Flower News ဂျာနယ်တွင်ဖော်ပြထားပါသည်။

## နိုင်ငံခြားငွေရရှိသော ပြည်တွင်းလုပ်ငန်းရှင်များ၏ ဝင်ငွေကို သွင်းကုန်အတွက် လွတ်လပ်စွာလွှဲပြောင်းခွင့်ပြု

နိုင်ငံခြားငွေရရှိသော ပြည်တွင်းစီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ ဝင်ငွေအားလုံးကို ပို့ကုန်ရငွေအဖြစ် သတ်မှတ်ပေးခဲ့ပြီဖြစ်ရာ အဆိုပါငွေအား သွင်းကုန်လုပ်ငန်းရှင်များ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လွတ်လပ်စွာလွှဲပြောင်းခွင့်နှင့် သွင်းကုန်တင်သွင်းခွင့်များ ခွင့်ပြုလိုက်သည်ဟု ရန်ကုန်မြို့တော်အခြေစိုက် စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ဘဏ်လုပ်ငန်းနယ်ပယ်မှ အကြီးတန်းအရာရှိကြီးများက ပြောကြားသည်။ ပို့ကုန်ရငွေအဖြစ် သတ်မှတ်၍ နိုင်ငံခြားငွေစာရင်းလွှဲပြောင်းခွင့်ပြုသော လုပ်ငန်းများတွင် စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများသာမက လက်မှုပစ္စည်း၊ အနုပညာပစ္စည်းများရောင်းချရာမှရရှိသော နိုင်ငံခြားငွေများ၊ အိမ်၊ ခြံ၊ မြေအဆောက်အအုံ ငှားရမ်းရာမှရရှိသော နိုင်ငံခြားငွေများနှင့် လုပ်ခလစာငွေကို နိုင်ငံခြားငွေဖြင့်ရရှိသူများ၏ ဝင်ငွေများကိုပါ နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ခွင့်ပြု၍ အခြားနိုင်ငံခြားငွေစာရင်းများသို့ လွှတ်လပ်စွာလွှဲပြောင်းခွင့်ပြုမည်ဟု မြန်မာနိုင်ငံတော် ဗဟိုဘဏ် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဌာန၏ မေလ ၃၁ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်သောကြေညာချက်များအရ သိရသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နိုင်ငံခြားငွေစီမံခန့်ခွဲမှုဌာနက ယခုကဲ့သို့ မူဝါဒဆိုင်ရာပြောင်းလဲပေးမှုမှာ မြန်မာနိုင်ငံ၏ ပြည်ပကုန်သွယ်မှုပမာဏများပြားလာ၍ ငွေကြေးလည်ပတ်မှုပိုမိုချောမွေ့လာစေရန်အတွက်ဟု တရားဝင်ဖော်ပြထားသည်။ ပြည်တွင်းရှိ စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းမှရရှိသော နိုင်ငံခြားငွေအား ပို့ကုန်ရငွေအဖြစ် သတ်မှတ်၍ လွှတ်လပ်စွာလွှဲပြောင်း ခွင့်ပြုခဲ့ခြင်းကြောင့် ပို့ကုန်၊သွင်းကုန်လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့လာဖွယ်ရှိပြီး မြန်မာကျပ်ငွေတန်ဖိုးများ မြင့်တက်လာဖွယ်ရှိကြောင်း သွင်းကုန်၊ ထုတ်ကုန်လုပ်ငန်းတွင် လုပ်ကိုင်နေသူများထံမှ သိရသည်။နိုင်ငံခြားငွေရရှိသော လုပ်ငန်းများ၏ ဝင်ငွေကို သွင်းကုန်လုပ်ငန်းအတွက် လွှဲပြောင်းခွင့်ပြုရာတွင် သတ်မှတ်အခွန်ငွေ ပေးသွင်း၍ ပို့ကုန်ရငွေအဖြစ် သတ်မှတ်ပေးရန် လျှောက်ထားသော စာရင်းဟောင်းများနှင့် ၂၀၁၀ပြည့်နှစ် ဇန်နဝါရီလ ၁ရက်နေ့နောက်ပိုင်း ဝင်ငွေများကို စာရင်းအသစ် ဖွင့်လှစ်ပေးသွားမည်ဖြစ်ပြီး ယင်းမတိုင်မီကရရှိထားသောနိုင်ငံခြားငွေများအကျုံးဝင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ နိုင်ငံခြားငွေမူဝါဒဆိုင်ရာ အပြောင်းအလဲများကြောင့် သွင်းကုန်လုပ်ငန်းများ ပိုမိုအဆင်ပြေလာမှုနှင့်အတူ မြန်မာကျပ်ငွေတန်ဖိုး မြင့်တက်လာနိုင်သော်လည်း ပို့ကုန်လုပ်ငန်းရှင်များ အကျိုးအမြတ် နည်းပါးလာခြင်းကဲ့သို့သော အကောင်းအဆိုးများ ဒွန်တွဲနေကြောင်းဘဏ်လုပ်ငန်းပညာရှင် ဦးဝင့်ကျော်ကဆိုသည်။ မြန်မာနိုင်ငံတွင် နိုင်ငံခြားငွေသုံးစွဲမှုနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ၊ ပို့ကုန်ရငွေ၊ FEC နှင့် D-transfer ဟု လေးမျိုးရှိနေရာမှ ယခုကဲ့သို့ပို့ကုန်ရငွေမူဝါဒ ဖြေလျှော့လိုက်သည့်အတွက် D-transfer ဟုခေါ်သည့် ငွေကြေးမှာ နိဂုံးချုပ်အဆုံးသတ်သွားကြောင်း ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားခဲ့ကြောင်း၂၀၁၀ခုနှစ် ဇွန်လ၁၄ရက်နေ့ထုတ် The Voice ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မလေးရှားဗီဇာပုံစံအသစ်ပြောင်း အွန်လိုင်းကနေ အခမဲ့ရယူနိုင်

သည်လ ၁ရက်နေ့ကစပြီး မလေးရှားသွားဖို့ ဗီဇာဝင်တဲ့ပုံစံပြောင်းပြီး အွန်လိုင်းကနေ အခမဲ့ ဒေါင်းလုပ်လုပ်ပြီး ရယူနိုင်တယ်လို့သိရတယ်။မလေးရှားဗီဇာအသစ်ပြောင်းတာနဲ့ ပတ်သက်ပြီး မလေးရှားသံရုံးက တာဝန်ရှိသူက “ မလေးရှား သွားမယ့်သူတွေ အွန်လိုင်းကနေ အခမဲ့ရယူနိုင်လို့ အချိန်ကုန်သက်သာပြီး အဆင်ပြေတယ်၊ အွန်လိုင်းကနေမယူဘဲ သံရုံးကနေယူရင် တစ်ဒေါ်လာနဲ့ ဝယ်ယူနိုင်တယ် ” လို့ ရှင်းပြတယ်။ မလေးရှားဗီဇာအသစ်မှာပါဝင်တဲ့အချက်အလက်တချို့က(A)မှာ Particulars of Appliant ဖြစ်ပြီးသည်ခေါင်းစဉ်အောက်မှာ နိုင်ငံ၊ မွေးသက္ကရာဇ်၊ အလုပ်အကိုင်၊ လိပ်စာ၊ ဖုန်းနံပါတ် စတဲ့ အချက်တွေပါဝင်တယ်။ (B)မှာ Particulars of Passport/ Travel Document ဖြစ်ပြီးပတ်စ်ပို့ရဲ့အချက်အလက်တွေ တောင်းပါတယ်။ (C)က Name School or Inviting Company Malaysia ခေါင်းစဉ်အောက်မှာ မလေးရှားနိုင်ငံဘက်က မိမိကိုလက်ခံပေးသူရဲ့နာမည်အပြည့်အစုံနဲ့ ဖုန်းနံပါတ်၊လိပ်စာတွေ တောင်းပါတယ်။ (D) Detail of Application ဖြစ်ပြီး ဘယ်နရက် နေထိုင်မှာလဲ၊ အလည်အပတ်ကိစ္စလား၊ အလုပ်ကိစ္စလားဆိုတာ အသေးစိတ် ဖြည့်ပေးရမှာ ဖြစ်တယ်။ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီလုပ်ကိုင်သူတစ်ဦးက “ အွန်လိုင်းကနေ ပုံစံယူလို့ရတဲ့အတွက် အဆင်ပြေတယ်၊ အရင်ပုံစံ အဟောင်းထက် အသစ်မှာအချက်အလက်အသေးစိတ်ပိုပါတယ် ” လို့ ပြောပါတယ်။ မလေးရှားဗီဇာပုံစံအသစ်ကို www.kln.gov.my/web/mmryangon/home မှာ အခမဲ့ရယူနိုင်ပါတယ်။ သည်ပုံစံအသစ်က အချက်အလက်ပိုပြည့်စုံလို့ ပိုစနစ်ကျပြီး အခြားသတင်းအချက်အလက်တွေကိုလည်း သည်ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်တယ်လို့ သိရကြောင်း ၂၀၁၀ခုနှစ် ဇွန်လ၁၁ရက်နေ့ထုတ် မော်ဒန်ဂျာနယ်တွင် ဖော်ပြထားပါသည်။

# ပြည်တွင်းသတင်း မှ အဆက်

## မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ဘဏ်ခွဲ ၁၀ခု ထပ်မံ ဖွင့်လှစ်ပေးမည်

မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ယခုနှစ်အတွင်းဘဏ်ခွဲ ၁၀ခု ထပ်မံဖွင့်လှစ်ပေးမည် ဖြစ်ကြောင်းသိရသည်။ထိုအသစ်ဖွင့်လှစ်မည့်ဘဏ်များမှာ အောင်ပန်းဘဏ်ခွဲ၊ ပုသိမ်ဘဏ်ခွဲ၊ မော်လမြိုင်ကျွန်းဘဏ်ခွဲ၊ ကျောက်ဖြူဘဏ်ခွဲ၊ ကျွဲဆည်ကန်(မန္တလေး)ဘဏ်ခွဲ၊ ဆိုင်းထန်းဈေးချို(မန္တလေး)ဘဏ်ခွဲ၊ ရတနာပုံဒိုင်းမွန်းပလာဇာ(မန္တလေး)ဘဏ်ခွဲ၊ မိတ္ထီလာဘဏ်ခွဲ၊ မြင်းခြံဘဏ်ခွဲနှင့် နေပြည်တော်ဘဏ်တို့ဖြစ်ကြောင်း သိရသည်။ "ကျွန်တော်တို့ဘဏ်နဲ့ ချိတ်ဆက်ဆောင်ရွက်နေတဲ့ဘဏ်တွေမရှိသေးတဲ့နေရာတွေမှာအဓိကထားပြီး ဘဏ်ခွဲတွေ ဖွင့်ဖို့စီစဉ်တာပါ။ဆက်လက်ဆောက်လုပ်ပြီးတဲ့ဘဏ်ခွဲတွေရှိသလို ဆောက်လုပ်ဆဲဘဏ်ခွဲတွေနဲ့ဘဏ်ခွဲတွေဖွင့်ဖို့ မြေနေရာရှာနေတာတွေလည်းရှိပါတယ်။ ဒါပေမယ့်ဘဏ်ခွဲ ၁၀ခုလုံးကိုတော့ ဒီနှစ်ထဲမှာ ဖွင့်လှစ်သွားမှာပါ " ဟု မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူးဦးအောင်မြင့်က ပြောသည်။မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သည် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သမဝါယမဘဏ်၊ နယ်စပ်ကုန်သွယ်ရေးဘဏ်၊ အမ်အိုဘီဘဏ်၊ စက်မှုလက်မှုဘဏ်၊ မြဝတီဘဏ်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ " ကျွန်တော်တို့ဘဏ်က ငွေသွင်း၊ ငွေထုတ်ကို အဆင်ပြေစွာဆောင်ရွက်ပေးတဲ့အတွက် ဆက်သွယ်ဆောင်ရွက်တဲ့သူက များတယ်။ ဒါကြောင့် ကျွန်တော်တို့ဘဏ်ခွဲမရှိတဲ့နေရာတွေဆိုရင် ငွေလွှဲလို့ အဆင်ပြေအောင် တခြားဘဏ်တွေနဲ့ ဆက်သွယ်ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့် ဆက်သွယ်ဆောင်ရွက်နေတဲ့လုပ်ငန်းရှင်တွေ အဆင်ပြေစေဖို့ အခုဘဏ်ခွဲတွေ ထပ်မံဖွင့်လှစ်ပေးတာပါ " ဟု ယင်းကပြောသည်။ အဆိုပါ မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သည် လက်ရှိအချိန်တွင် ရန်ကုန်ရုံးချုပ်အပါအဝင် ဘဏ်ခွဲပေါင်း ၃၆ခု ဖွင့်လှစ်ထားပြီး ယခုနှစ်ဖွင့်လှစ်မည့်ဘဏ်များအပါအဝင်ဘဏ်ခွဲပေါင်း ၄၆ခု ရှိသည်။ မြန်မာနိုင်ငံရှိဘဏ်လုပ်ငန်းများတွင်တတိယဘဏ်ခွဲအများဆုံးဘဏ်တစ်ခုလည်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၅ရက်နေ့ထုတ်Flower News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ငွေထုတ်ရလွယ်ပြီး အကန့်အသတ်မရှိထုတ်ယူနိုင်သည့် Online Smart Card မြန်မာ့စီးပွားရေးဘဏ်ကြီးခုနစ်ခုတွင် စတင်အသုံးပြုနိုင်ပြီ အနည်းဆုံးငွေဆယ်သိန်းဖြင့် စာရင်းဖွင့်နိုင်

သက်တမ်းသုံးနှစ်အသုံးပြုနိုင်သည့် မြန်မာ့စီးပွားရေးဘဏ်၏ Online Smart Card ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအား မြန်မာနိုင်ငံရှိ ဘဏ်ကြီးခုနစ်ဘဏ်တွင် စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ယင်း Online Smart Card ဖြင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအား နေပြည်တော်ဘဏ်ခွဲ၊ ရန်ကုန်မြို့ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၅)၊ ငွေစုဘဏ်ခွဲ(၃)၊ မန္တလေးဘဏ်ခွဲ(၁)နှင့် ဘဏ်ခွဲ(၂)တို့တွင် စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၏ထုတ်ပြန်ချက်များအရသိရသည်။ Online Smart Card အသုံးပြုရာတွင် မြန်မာ့စီးပွားရေးဘဏ်၌ စာရင်းရှင်စာရင်း(သို့) ငွေစုဘဏ်စာရင်းတစ်ခုခုဖွင့်လှစ်ထားသူဖြစ်ရမည်ဖြစ်ပြီး Online Account စာရင်း စတင်ဖွင့်လှစ်ရခြင်းအတွက် အနည်းဆုံး ငွေသားဆယ်သိန်းဖြင့်ဖွင့်လှစ်ရမည်ဖြစ်ကြောင်းသိရသည်။ Online Account ဖွင့်လှစ်ပြီးပါက Online Smart Card တစ်ခုနှင့်Online ငွေမှတ်စာအုပ်Online Pass book စာအုပ်တို့ကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ငွေထုတ်ငွေသွင်းပြုရာတွင်လည်း Online Account တွင် ကျပ် သောင်းဂဏန်းအလီလီဖြင့် အကန့်အသတ်မရှိ ငွေသွင်းငွေထုတ်ပြုလုပ်နိုင်ကြောင်း သိရသည်။ အဆိုပါ Online Account အသုံးပြုပြီး ငွေထုတ်၊ ငွေပေးခြင်းများအတွက် ငွေလွှဲခတွင် တစ်ရာကျပ်လျှင်ဆယ်ပြားနှုန်းသုညဒသမတစ်ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ "ဒီစနစ်အသုံးပြုပြီး ဒေသတစ်ခုခုသို့ ငွေကြေးအမြောက်အများ သယ်ဆောင်ရသည့် ဒုက္ခမှ ကင်းဝေးမှာဖြစ်ပါတယ်။ ဒီကတ်နဲ့မိမိစာရင်းဖွင့်ထားတဲ့ဘဏ်နှင့် ဆက်သွယ်ထားတဲ့Online ဘဏ်ခွဲကြီးတွေမှာ လိုတဲ့ငွေကို ထုတ်ယူနိုင်ပါတယ်။ ကတ်ကို ပြုလုပ်တဲ့နေရာမှာ မိမိဘဏ်စာရင်းသွင်းထားတဲ့ဘဏ်မှာသာပြုလုပ်ရမှာဖြစ်ပြီးထုတ်ယူတဲ့နေရာတော့တခြားသတ်မှတ်ထားတဲ့ဘဏ်တွေမှာပါထုတ်ယူနိုင်ပြီးအခက်အခဲတော့မရှိပါဘူး။ပိုအဆင်ပြေနိုင်ပါတယ်"ဟု ငွေစုဘဏ်ခွဲ(၃)မှဘဏ်ဝန်ထမ်းတစ်ဦးမှ ပြောသည်။ကတ်ပျောက်ဆုံးပါက သက်ဆိုင်ရာ ဘဏ်သို့ တရားဝင်အကြောင်းကြားပါက ကတ်အစားထိုး ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမြန်မာ့စီးပွားရေးဘဏ်၏တရားဝင်ထုတ်ပြန်ချက်များအရသိရကြောင်း ၂၀၁၀ခုနှစ်ဖွန်လ ၁၇ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်)ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းများအလိုက် လုပ်ငန်းရှင်များတွေ့ဆုံ၍ ကုန်သွယ်မှုမြှင့်တင်မည်

မြန်မာ-ဗီယက်နမ် စီးပွားရေးလုပ်ငန်းများအလိုက် လုပ်ငန်းရှင်များ တွေ့ဆုံ၍ နှစ်နိုင်ငံကုန်သွယ်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းသို့နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းများအလိုက် လုပ်ငန်းရှင်များ တွေ့ဆုံ၍ ကုန်သွယ်မှုမြှင့်တင်ခြင်းကိုဖွန် ၂၁ရက်တွင်ရန်ကုန်ရှိ ပွဲခ်ရှိုင်ရယ်ဟိုတယ်တွင်ပြုလုပ်သွားမည်ဖြစ်ကြောင်းပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) မှအထွေထွေအတွင်းရေးမှူး ဒေါက်တာမောင်မောင်လေးက ပြောသည်။ ယင်းသို့ကုန်သွယ်မှုမြှင့်တင်ရန်အတွက် UMFCCI မှ ဦးဆောင်သော မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ဗီယက်နမ်နိုင်ငံရှိ ဟန္တိုင်းပြည်သူ့ကော်မတီ ဒုတိယဥက္ကဋ္ဌဦးဆောင်သောမြန်မာစီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ ၄၁ဦးတို့ကပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွင် ကုန်ပစ္စည်းများရောင်းဝယ်ရေး၊ ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ကုန်ကြမ်းများ၊သုတ်ဆေးအမျိုးမျိုး၊ သင်တန်းကျောင်းနှင့် အကြံပေးလုပ်ငန်း၊ လက်မှုပစ္စည်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ စက်မှုလုပ်ငန်းသုံးစက်ပစ္စည်းအမျိုးမျိုး၊လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၊အခြေခံအဆောက်အအုံများ ဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်းများ၊ အခန်းတွင်းအလှဆင်လုပ်ငန်းများ၊ ပုံနှိပ်နှင့်စာရေးကိရိယာထုတ်လုပ်ရေးလုပ်ငန်းများ၊ အားကစားပစ္စည်းအမျိုးမျိုး၊ သံမဏိလုပ်ငန်း၊အိမ်မိုးသွပ်လုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးနှင့် စာပို့လုပ်ငန်း၊ လုံခြုံရေးစနစ်သုံး စက်ကိရိယာများ၊ အိမ်ခြံမြေရင်းနှီးမြှုပ်နှံမှုနှင့် အကြံပေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်း၊ ဆက်သွယ်ရေးနှင့် သတင်းနည်းပညာလုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း၊ ဘီယာလုပ်ငန်း၊ ဆွယ်တာလုပ်ငန်း၊ မျက်နှာသုတ်ပဝါ၊ မော်တော်ကားနှင့် မော်တော်ဆိုင်ကယ် ထုတ်လုပ်ရေးလုပ်ငန်း၊ စက်သုံးဆီရောင်းဝယ်ရေး၊ လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်းထုတ်လုပ်ငန်း၊ ပညာရေးဆိုင်ရာဝန်ဆောင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ စီမံခန့်ခွဲမှု၊ဒီဇိုင်းနှင့်စီမံချက်များဖွံ့ဖြိုးတိုးတက်ရေးအကြံပေးလုပ်ငန်း၊စိုက်ပျိုးရေးလုပ်ငန်း၊ မော်တော်ယာဉ်ဌားရမ်းခြင်းလုပ်ငန်း၊ ရေနံ၊ ဓာတုနှင့် ဘိလပ်မြေဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့ကို အကျိုးတူပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သည် ယခင်က စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု မရှိသလောက် နည်းပါးခဲ့ရာမှ ယခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုများကိုစတင် ဆောင်ရွက်နိုင်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၇ရက်နေ့ထုတ် ရန်ကုန်တိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## စီးတီးဘတ်စ်အစီး ၃၀၀ ဝယ်ယူတင်သွင်းရန်စီစဉ်

ရန်ကုန်တိုင်းအတွင်းပြေးဆွဲနေသော ခရီးသည်တင်ယာဉ်လိုင်းများရှိ ခေတ်မမီတော့သည့်ယာဉ်များနေရာတွင် အစားထိုးပြေးဆွဲရန် စီးတီးဘတ်စ်ယာဉ်ကြီး အစီး ၃၀၀တင်သွင်းရန် စီစဉ်နေကြောင်း သတင်းရရှိသည်။ စီးတီးဘတ်စ်ယာဉ်ကြီးအစီး ၃၀၀ တင်သွင်းမည့်အစီအစဉ်ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး၊ စီးတီးဘတ်စ်ယာဉ်အသစ်များ ဝယ်ယူတင်သွင်းလိုသော လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်နိုင်ကြောင်း တရားဝင်ကြေညာချက်ထုတ်ပြန်ထားသည်။ ထိုသို့ တ. ယ. က၏ စီစဉ်မှုဖြင့် စီးတီးဘတ်စ်တင်သွင်းမှုမှာ ပထမဦးဆုံးအကြိမ်ဖြစ်ပြီး၊ ထိုအစီအစဉ်ဖြင့်တင်သွင်းသော လုပ်ငန်းရှင်များသည် စီးတီးဘတ်စ်ပြေးဆွဲမည့် လုပ်ငန်းရှင်များသို့ ယာဉ်တစ်စီးလျှင် ကျပ်သိန်း ၂၀၀ဖြင့် ပြန်ရောင်းပေးရမည်ဖြစ်ကြောင်း တ.ယ.ကမှတာဝန်ရှိသူတစ်ဦးကပြောသည်။ သို့သော် ယနေ့အချိန်အထိ စီးတီးဘတ်စ်တင်သွင်းရန် ဆက်သွယ်သူမရှိသေးကြောင်းလည်း ၄င်းကဆက်လက်ပြောသည်။ထိုကြေညာချက်ကိုမေလ၁၉ရက်ရက်စွဲဖြင့်ထုတ်ပြန်ထားပြီး၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အသင်းဝင်လုပ်ငန်းရှင်များသိရှိရန်ပေးပို့အသိပေးထားကြောင်းလည်းUMFCCIမှတာဝန်ရှိသူတစ်ဦးက ပြောသည်။ သို့သော် ဇွန် ၁၄ရက်အထိ စီးတီးဘတ်စ်ယာဉ်အသစ် ဝယ်ယူတင်သွင်းရန် စိတ်ဝင်စားပြီး အသင်းသို့ ဆက်သွယ်လာသော လုပ်ငန်းရှင် မရှိသေးကြောင်း UMFCCI ဥက္ကဋ္ဌဦးဝင်းမြင့်က ပြောသည်။ စီးတီးဘတ်စ် ယာဉ်များ တင်သွင်းပါက သက်ဆိုင်ရာသို့ ယာဉ်တင်သွင်းမှုအတွက် တစ်စီးလျှင် အခွန်ကျပ်သိန်း၇၀၀နီးကျင်ပေးဆောင်ရလေ့ ရှိကြောင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ပြည်တွင်းဈေးကွက်တွင် စီးတီးဘတ်စ် အသစ်တစ်စီးလျှင် ကျပ်သိန်း ၄၀၀ ဝန်းကျင်ဈေးရှိကြောင်း ၂၀၁၀ခုနှစ် ဇွန်လ၁၇ရက်နေ့ ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ရန်ကုန်မြို့ရှိမြို့နယ်အများစု၌လျှပ်စစ်မီး အချိန်ပြည့်နီးပါးပြန်ရ

ရန်ကုန်မြို့ မြို့နယ်အများစု လျှပ်စစ်မီးအချိန်ပြည့်ရသည့် အနေအထားရှိနေပြီး စက်မှုဇုန်များသို့ အချိန်ပိုင်းဖြင့် လျှပ်စစ်မီးပြန်ပေးရန် အကြောင်းကြားထားကြောင်း သတင်းရရှိပါသည်။ ကမ်းလွန်သဘာဝဓာတ်ငွေ့ ၂၄ လက်မ ပိုက်လိုင်းသွယ်တန်းမှု ပြီးစီးသွားပြီးနောက် ရန်ကုန်၊ အင်းစိန်(ရွာမ။သဘာဝဓာတ်ငွေ့သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့သဘာဝ ဓာတ်ငွေ့ စတင်ပို့လွှတ်မည့် ဇွန်လ ၁၂ ရက် နေ့နောက်ပိုင်းတွင် ရန်ကုန်မြို့၌ ယခင် ခြောက်နာရီ အလှည့်ကျမီးရရှိနေရာမှ လျှပ်စစ်မီးပိုမိုပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ သိရှိရသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အား ယာယီဖြတ်တောက်ထားသော စက်မှုဇုန်များကို လျှပ်စစ်မီးပြန်လည်ပေးဝေနိုင်ရန် စီစဉ်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားသုံးစွဲခများကို တိုးမြင့်သွားရန် အစီအစဉ်မရှိကြောင်း သိရှိရသည်။ ၂၄ လက်မ သဘာဝဓာတ်ငွေ့သုံးပိုက်လိုင်းအား အင်းစိန်(ရွာမ)မှ စတင်ဖွင့်လှစ်သည့် ဇွန်လ ၁၂ ရက်နေ့နောက်ပိုင်းတွင် သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်မှု ၂၀၀ မဂ္ဂဝပ်မျှ တိုးလာနိုင်သည့်အတွက် ရန်ကုန်မြို့အား အလှည့်ကျ စနစ်ဖြင့် ခြောက်နာရီ မီးရရှိနေရာမှ ၁၂ နာရီထိ ပိုမိုတိုးမြှင့်ပေးသွားမည်ဟု ဆိုပါသည်။ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက "ဇွန်လ ၁၂ ရက်နေ့မှာ ၂၄ လက်မ ဓာတ်ငွေ့ပိုက်လိုင်းဖွင့်မယ်။ အဲဒီနောက်ပိုင်းမှာ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံတွေအတွက် ဓာတ်ငွေ့ပိုရလာမှာတော့ သေချာ တယ်။ ဓာတ်ငွေ့ပိုရပြီးနောက်ပိုင်း မီးပိုရလာမှာတော့ ကျိန်းသေတယ်" ဟု ဇွန်လ ၁၁ ရက်နေ့တွင် မေးမြန်းချက်အား ပြန်လည်ဖြေကြားခဲ့သည်။ ရန်ကုန်မြို့အား ၂၄ နာရီလုံး မီးအပြည့်အဝရရှိရန်မှာမူ လက်ရှိအချိန်ထိရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် လိုအပ်သည့် ရေပမာဏမရရှိသေးကြောင်း၊ လိုအပ်ပမာဏ ရေရှိမှသာလျှင် ပေးသွားနိုင်မည်ဖြစ်ကြောင်း ထပ်မံသိရှိရသည်။ လက်ရှိအချိန်တွင် ရန်ကုန်မြို့တော်အား A,B,C သုံးအုပ်စုခွဲ၍ ၀၅း၀၀ နာရီမှ ၁၁း၀၀ နာရီအထိ တစ်အုပ်စု၊ ၁၁း၀၀ နာရီမှ ၁၇း၀၀ နာရီထိ တစ်အုပ်စု၊ ၁၇း၀၀ နာရီမှ ၂၃း၀၀ နာရီအထိ တစ်အုပ်စု ၂၃း၀၀ နာရီမှ ၀၅း၀၀ နာရီအထိ တစ်အုပ်စုစီ ဓာတ်အားခွဲဝေပေးလျက် ရှိကြောင်းသိရသည်။ သို့သော် ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့ရှိ မြို့နယ်အများစုတွင် အများပြည်သူအနေဖြင့် လျှပ်စစ်မီး အချိန်ပြည့် ရရှိနေသည့် အခြေအနေရှိကြောင်းလည်း ရန်ကုန်မြို့နေ ပြည်သူများကဆိုပါသည်။ စက်မှုဇုန်များအနေဖြင့်မူ ဇွန်လ ၁၅ ရက်နေ့မှစ၍ နှစ်အုပ်စုခွဲကာ နံနက် ၇ နာရီမှ နေ့လည် ၁၂ နာရီထိ တစ်အုပ်စု၊ နေ့လည် ၁၂ နာရီမှ ညနေ ၅ နာရီထိ တစ်အုပ်စု သတ်မှတ်၍ အချိန်ပိုင်းဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်ပေးဝေရန် စီစဉ်ထား သော်လည်း ဇွန်လ ၁၅ ရက်နေ့တွင်မူ မပေးနိုင်ခဲ့ကြောင်း သိရသည်။ စက်မှုဇုန်များမှ မီးပြန်လည်ရရှိသည်နှင့် မို့အားအတက်အကျ တည်ငြိမ်စွာအသုံးပြုနိုင်စေရန် ခွဲရုံသစ်များတည်ဆောက်ကာ အဆင်သင့် ပြင်ဆင်စောင့်ဆိုင်းလျက်ရှိသည်ဟု ဆိုသည်။ "လျှပ်စစ်မီးပြန်ရမယ်ဆိုလို့ ရတဲ့အခါကျရင် ဗို့အားတည်တည်ငြိမ်ငြိမ်နဲ့ သုံးနိုင်အောင် ကျွန်တော်တို့စက်မှုဇုန်မှာခွဲရုံအသစ်တည်ဆောက်ထားခဲ့တယ်။ဇွန်လ ၁၅ ရက်နေ့အထိတော့ မီးမရသေးပါဘူး။ ရမယ့်အချိန်ကို ပြန်ပြောပေးမယ်လို့ အကြောင်းပြန်ကြားထားပါတယ်။ အစောပိုင်းတုန်းကဇွန်လ၁၅ရက်နေ့ပြန်ပေးနိုင်မယ်လို့အကြောင်းကြားထားတယ်လေ။ ၁၀ မဂ္ဂါဝပ်ရှိတဲ့ခွဲရုံကို ကျွန်တော်တို့ စက်မှုဇုန်ကော်မတီနဲ့ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ပေါင်းပြီး တည်ဆောက်ထားတာ ပြီးနေပါပြီ။ မီးရရင်တော့ အဆင်သင့်သုံးနိုင်ပြီပေါ့။ ဒါပေမယ့် မီးကတော့ မရသေးဘူး"ဟု ဒဂုံဆိပ်ကမ်း စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၈ရက်နေ့ ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## ရှစ်ယောက်စီး ဘက်စုံသုံးယာဉ်၊ အယောက် ၅၀ စီး ဘတ်စကားနှင့် ၈ တန်မှ တန် ၂၀ အထိ ကုန်တင်ယာဉ်ကြီးများကို ပြည်ပမှ စက်ပစ္စည်းအစိတ်အပိုင်းများ တရားဝင်တင်သွင်းကာ စက်မှုဇုန်များတွင် ထုတ်လုပ်ခွင့် ပြုလိုက်ကြောင်းသိရ

၈ ယောက်မှ ၁၂ ယောက်စီး ဘက်စုံ သုံးယာဉ်၊ အယောက် ၅၀ စီး ဘတ်စ်ကား၊ ၈ တန်- ၁၀ တန်- ၁၂ တန်နှင့် တန် ၂၀ ကုန်တင်ယာဉ်ကြီးများ ထုတ်လုပ်ခွင့်တင်ပြ ပါက ထုတ်လုပ်ခွင့်ပြုမည် ဖြစ်ကြောင်း စက်မှုဇုန်များသို့ အကြောင်းကြားစာများအရ သိရ သည်။ ဖော်ပြပါ ကားအမျိုးအစားများကို ထုတ်လုပ်ရာတွင်တစ်မျိုးခြင်းစီအလိုက်ပြည်ပမှတင်သွင်းရန် ခွင့်ပြုထားသည့် အစိတ် အပိုင်းများကိုလည်း တစ်ပါတည်းသတ်မှတ်ပေးထားကြောင်း၊အဆိုပါအစိတ်အပိုင်းများကိုတပ်ဆင်အသုံးပြုထုတ်လုပ်မည့်မော်တော်ယာဉ်များကိုစက်မှုဇုန်များမှ ထုတ်လုပ်ခွင့်တင်ပြလာပါက ထုတ်လုပ်ခွင့်ပြုမည် ဖြစ်သည်ဟု အကြောင်းကြား ထားကြောင်း သိရသည်။ "ရှစ်ယောက်ကနေ၁၂ ယောက်စီးဆိုတာကတော့Micro-Busလိုယာဉ်မျိုးပါ။ စာထဲမှာတော့ MPV (Multi-Purpose Vehicle) ဘက်စုံသုံးယာဉ်လို့ ဖော်ပြထားတာပေ့ါ။ ၈ တန်၊ ၁၀ တန်၊ ၁၂ တန်၊ တန် ၂၀ ကုန်တင်ယာဉ်ကြီးတွေနဲ့အယောက်၅၀စီးလို့ရတဲ့ ဘတ်စကားကိုလည်း ထုတ်ခွင့်ပေးထားတယ်။ ပြည်ပကနေတင်သွင်းပြီး တပ်ဆင်ရမယ့် စက်ပစ္စည်း အစိတ်အပိုင်း အမျိုးအစားတွေကို လည်း တစ်ခါတည်း ဖော်ပြထားတယ်။ အခု ထုတ်လုပ်ခွင့်ပေးမယ်၊ ထုတ်လုပ်ခွင့် တင်နိုင်ပါတယ်လို့ အသိပေး အကြောင်းကြားလာတဲ့ သုံးမျိုးစလုံးအတွက်တင်သွင်းတပ်ဆင်ရမယ့်အစိတ်အပိုင်းတွေထဲမှာကိုးမျိုးကတော့အားလုံး အတူတူပဲ တင်သွင်း တပ်ဆင်ရမယ်။ အင်ဂျင်နဲ့ ဂီယာပေါက်၊ ရှေ့ဝင်ရိုးနောက်ရိုးနဲ့ အဲဒါနဲ့ ဆက်စပ်တဲ့ပစ္စည်းစုံ၊ ရေတိုင်ကီ၊ Dash Board ၊ စတီယာရင်နဲ့ ပါဝါအုံအစုံလိုက်၊ ဘရိတ်နဲ့ ကလပ်တစ်စုံလုံး ဆိုတာတွေကတော့ မဖြစ်မနေကို တင်သွင်းတပ်ဆင်ရမယ်လို့ ပါတယ်။ Mirco Bus နဲ့ အယောက် ၅၀ စီး ဘတ်စကားကျတော့ ဘော်ဒီ၊ ရှေ့ဝဲယာတံခါးစုံ ဘေးဘက်တံခါးစုံ၊ နောက်ဘက်ကမှန်တွေပါ တင်သွင်း တပ်ဆင်ရခွင့်ရတယ်ဆိုတဲ့ အချက်ပါတယ်"ဟု စက်မှုဇုန်ကား ထုတ်လုပ်သူတစ်ဦးက ရှင်းပြခဲ့ပါသည်။တင်သွင်းတပ်ဆင်ရမည့် အစိတ်အပိုင်းများ အားလုံးအနေအထားအရ ဆိုပါကပြည်ပမှထုတ်လုပ်သည့်ကား အရည်အသွေးနီးပါးအထိ ရှိလာနိုင်ကြောင်းနှင့် Micro Bus နှင့် လူ အယောက် ၅၀စီးဘတ်စကားများမှာပြည်ပထုတ်များနည်းတူ အရည်အသွေးရှိမည်ဖြစ်သည်ဟု စက်မှုဇုန် ကားထုတ်လုပ်သူများက ဆိုပါသည်။ "Micro Bus နဲ့ ဘတ်စကားကြီးအတွက် တင်သွင်းတပ်ဆင်ရမယ့် အစိတ်အပိုင်းတွေကို ကြည့်ရင် ပြည်ပကထုတ်တဲ့ ကားအရည်အသွေးအတိုင်း နီးပါးဖြစ်နေမှာပဲလေ။ ရှေ့ရောနောက်ပါ တင်သွင်းတဲ့ အစိတ်အပိုင်းတွေအတိုင်း တပ်ဆင်ခွင့်ပြု ထားတယ်လေ"ဟု Micro Bus ထုတ်လုပ်ရန် ပြင်ဆင်နေသူတစ်ဦးက ရှင်းပြ ခဲ့သည်။ ယခုကဲ့သို့ အင်ဂျင်မှစကာ ကားကိုယ်ထည်အထိ တင်သွင်းတပ်ဆင်ခွင့် ပေးသည့်အတွက် ပြည်ပကားများနည်းတူ အရည်အသွေးနီးပါး သုံးစွဲရနိုင်သည်ဟု ဆိုသော်လည်း အဆိုပါ ကားအမျိုးအစားများအား ပြည်ပကားကုမ္ပဏီဖြင့် ပူးပေါင်းကာ ပြည်တွင်း၌ ပြန်လည်ထုတ်လုပ်ခြင်းဖြင့် ပို၍သက်သာသည့်နှုန်းထားဖြင့် အသုံးပြုရနိုင်သည်ဟုလည်း သုံးသပ်ကြကြောင်း ၂၀၁၀ခုနှစ် ဇွန်လ၁၈ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ကိုယ်တိုင် အခွန်စည်းကြပ်သည့်စနစ် မြန်မာနိုင်ငံတွင် ကျင့်သုံးနိုင်ရန် စီစဉ်နေဟုဆို

အခွန်ပေးဆောင်ရာ၌ နိုင်ငံတကာတွင် ကျင့်သုံးနေသော ကိုယ်တိုင်အခွန်စည်းကြပ်ခံယူသောစနစ် မြန်မာနိုင်ငံတွင် ပြောင်းလဲကျင့်သုံးနိုင်ရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း ရန်ကုန်တိုင်း အခွန်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ကိုယ်တိုင်အခွန်စည်းကြပ် ခံယူသောစနစ် Self Assessment System (SAS) ဆိုသည်မှာ လုပ်ငန်းရှင်များမှ မိမိ၏ ဝင်ငွေနှင့် အမြတ်တရားဝင်ကြေညာပြီး ကိုယ်တိုင်အခွန်စည်းကြပ်ကာ ကျသင့်အခွန်ငွေများ ပေးသွင်းသောစနစ် ဖြစ်သည်။ " ဒီစနစ်ကို သုံးဖို့အတွက် အခုအခွန်လာသွင်းတဲ့သူတွေကို စပြီးရှင်းပြနေပါပြီ။ မြန်မာနိုင်ငံမှာ ဒီစနစ်သုံးနိုင်ဖို့တော့ အချိန်ပေးရမယ်ထင်တယ် " ဟုၤင်းကပြောသည်။ SASစနစ် တွင်ကျယ်စွာအသုံးပြုနိုင်ရန်မှာ အခွန်ပေးဆောင်နေသောလုပ်ငန်းရှင်များအပေါ် မူတည်နေပြီး ၄င်းစနစ် အသုံးပြုနိုင်ပါကလုပ်ငန်းရှင်များနှင့်အခွန်ဝန်ထမ်းများအချိန်ကုန်သက်သာကာမျှတမှန်ကန်သောစနစ်ဖြင့်အခွန်များကိုလည်းအချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ကြောင်း ၄င်းကပြောသည်။ " SAS စနစ်ကို စတင်ကျင့်သုံးပြီဆိုရင် လုပ်ငန်းရှင်တွေက စည်းကြပ်ခွန်တွေ တင်ပြလာတဲ့အခါမှာ ဖြစ်နိုင်ခြေရှိရင် လက်ခံမယ်။ မဖြစ်နိုင်ရင်တော့ သေချာစိစစ်ပြီး ထိထိရောက်ရောက် အရေးယူသွားမယ်။ နိုင်ငံတကာမှာဆို ထောင်ဒဏ်ပေးတာတွေ ရှိတယ်လို့ သိထားတယ် " ဟုယင်းကပြောသည်။လက်ရှိမြန်မာနိုင်ငံတွင်ကျင့်သုံး နေသော အခွန်စနစ်မှာ OAS (Official Assessment System) အခွန်ဝန်ထမ်းများမှ အခွန်စည်းကြပ်မှု ခံယူသော စနစ်ဖြစ်သည်။ ထို့ကြောင့် အခွန်ဝန်ထမ်းများမှ လုပ်ငန်းရှင်များ၏ ဝင်ငွေနှင့်ရငွေကို စိစစ်၍ မှန်ကန်မှုရှိမရှိကို လုပ်ငန်းရှင်များသို့ ခေါ်ယူမေးမြန်းခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်းများပြုလုပ်ရသောကြောင့်အချိန်များစွာသုံးရကြောင်းသိရသည်။ထို့ကြောင့် အချိန်ကုန်သက်သာသော SAS စနစ်ကို ပြောင်းလဲကျင့်သုံးရခြင်းဖြစ်ကြောင်း ၄င်းကပြောသည်။ လက်ရှိမြန်မာနိုင်ငံတွင် လုပ်ငန်းရှင်များမှ အမြတ်ဝင်ငွေနှင့်ရငွေများကိုမှန်မှန်ကန်ကန် ကြေညာတတ်သော အလေ့အထနည်းနေသေးကြောင်းနှင့် အခွန်တိမ်းရှောင်မှုများ ရှိနေသေးကြောင်းသိရသည်။"ဒါတွေကိုအရေးယူမှုတွေလုပ်နေပေမယ့်ထိရောက်မှုသိပ်မရှိသေးဘူး။ ဥပဒေပြဌာန်းချက်အတိုင်း ဆောင်ရွက်ပါက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ အခွန်စနစ်ကြောင့် စီးပွားရေးဖွံ့ဖြိုးမှုနှေးမှာ စိုးလို့ပါ" ဟု ၄င်းကပြောကြောင်း၂၀၁၀ခုနှစ်ဇွန်လ၁၇ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဖိုင်ဘာဖြင့် အင်တာနက်လိုင်း ၆၀၀၀ မန္တလေးတွင် ချပေးမည်

မန္တလေးမြို့တွင် ဖိုင်ဘာကြိုးဖြင့် အင်တာနက်သွယ်တန်းသည့်စနစ် FTTX (Fiber to the xxxx) လိုင်းပေါင်း ၆၀၀၀ ကိုချပေးရန် လေ့လာမှုများ စတင်၍ ဆောင်ရွက်နေပြီ ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ "မန္တလေးတစ်မြို့လုံးကို ၇၈လမ်းကိုအခြေတည်ပြီးဇုန်အနေနဲ့ ဇုန်ဘီဆိုပြီး ရှေ့ခြမ်းနောက်ခြမ်းခွဲပြီး Survey ဆင်းနေတယ်။ Survery က တစ်လလောက်ကြာမယ်။ ဇုန်တစ်ခုကို လိုင်း ၃၀၀၀ နဲ့စုစုပေါင်းလိုင်း၆၀၀၀တပ်ဆင်ပေးသွားမှာဖြစ်ပါတယ်" ဟု အဆိုပါပုဂ္ဂိုလ်က ပြောသည်။ Survey များပြီးဆုံးပါက ဖိုင်ဘာဆက်ကြောင်းများ ခင်းကျင်းခြင်း၊ ဆက်ကြောင်းများအချင်းချင်း ချိတ်ဆက်ခြင်းများကို ပြီးစီးရန် နှစ်လခန့်ကြာမည်ဖြစ်သည်။ ဖိုင်ဘာဖြင့် အင်တာနက်သွယ်တန်း အသုံးပြုလိုသူများအနေဖြင့် ရတနာပုံတယ်လီပို့မှစိစစ်ရွေးချယ်ပြီးသွယ်တန်းအသုံးပြုခွင့်များချပေးသွားမည်ဖြစ်သည်။ဖိုင်ဘာဆက်ကြောင်းများကို သွယ်တန်းရာတွင် ဖိုင်ဘာကြိုးတိုတိုနှင့် နေရာများများ၊ လူများများ သုံးနိုင်ရန် လိုင်းသွယ်တန်းမှု အဆင်အပြေဆုံး အနေအထားများကို လေ့လာတပ်ဆင်သွားမည်ဖြစ်သည်။ အိမ်တိုင်ရာရောက် ဖိုင်ဘာစနစ်ဖြင့် အင်တာနက်သွယ်တန်းအသုံးပြုမှုအတွက် ကျသင့်သည့် အခကြေးငွေမှာလည်း ပြင်ဦးလွင်တွင်ကျသင့်သည့် နှုန်းထားဖြစ်သည့် ကျပ်ကိုးသိန်းနှုန်း အတိုင်းသာဖြစ်မည်ဟု သိရကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၈ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## သန်လျက်စွန်းမှ ကြည့်မြင်တိုင်ဟုမ်းလမ်းမှတ်တိုင်အနီးအထိ ရန်ကုန်မြစ်ဘက်ခြမ်းတွင် ကွန်ကရစ်လမ်းမသစ်ဖောက်တော့မည်

ရန်ကုန်မြို့၊ ကမ်းနားလမ်းတစ်လျှောက်ရှိ ဗိုလ်တစ်ထောင် သန်လျက်စွန်းမှ ကြည့်မြင်တိုင် ဟုမ်းလမ်းမှတ်တိုင်အနီးရှိ MECသိုလှောင်ရုံအထိ မြစ်ကမ်းဘက်အခြမ်းကို၄၈ပေ အကျယ်ရှိပြီး တန်၁၀၀ ခံနိုင်သော ကွန်ကရစ်လမ်းမ အသစ်ဖောက်လုပ်ခွင့်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။ ရန်ကုန်မြို့၊ ကမ်းနားလမ်းမရှိ ကြည့်မြင်တိုင်၊ အလုံ၊ ဗိုလ်တစ်ထောင်၊ ဆိပ်ကမ်းမြို့နယ်များသို့ ဖြတ်သန်းသွားလာမည့် ကမ်းနားလမ်းသစ် လမ်းတစ်လျှောက်ရှိ ချောင်းကူးတံတားများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်မည့် ပုံစံများ ရေးဆွဲပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကမ်းနားလမ်းသည် အကျယ်၄၈ပေဘေးနှစ်ဖက်စီရှိပလက်ဖောင်းအကျယ်၆ပေရှိပြီးလက်ရှိကမ်းနာလမ်းမနှင့်လမ်းသစ်ကြားတွင်လမ်းလယ် ကျွန်းအဖြစ်ပေ ၃၀ အကျယ်(အပိုင်း၄ သစ်တောလမ်းမှ အပိုင်း ၁၆ ကြာဖြူလမ်းအထိ) ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။ လမ်း၏အုကြောင်းတစ်လျှောက်ရှိ သီရိမင်္ဂလာဈေး ချောင်းအကျယ် ၃၁ ပေ၊ သစ်တောလမ်းထိပ် ချောင်းအကျယ် ၁၀ ပေ၊ ဟာဘီ ချောင်းအကျယ် ၄၅ ပေနှင့် ရွာသစ် ချောင်းအကျယ် ပေ ၅၀ ရှိသည့် တံတားများကိုဆောက်လုပ်ရမည် ဖြစ်ကြောင်း ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် နီးစပ်သောအသိုင်းအဝိုင်းမှ သိရသည်။ ယခုအခါ လမ်းသစ်ဖောက်လုပ်ရန်အတွက် တိုင်းတာရှင်းလင်းမှုများ စတင်နေပြီဖြစ်ပြီး အလံတိုင်များ စိုက်ထူထားသည်ကို တွေ့ရသည်ဟု ကြည့်မြင်တိုင်တွင် နေထိုင်သူတစ်ဦးကပြောသည်။ " ပုဂ္ဂလိက လူနေအိမ်အဆောက်အအုံတွေပါတာမတွေ့ရဘူး။ ဒီလမ်းမအသစ်က လမ်းလယ်ကျွန်းအပါအဝင် ၈၄ ပေ ရှိတယ်။ လမ်းတစ်လျှောက်မှာရှိတဲ့ မလွတ်တဲ့အဆောက်အအုံနဲ့ လူနေအိမ်တွေက ဌာနဆိုင်ရာတွေပဲ တွေ့ရတယ်။ တန် ၁၀၀ ဝန်ခံနိုင်မယ့်လမ်းဆိုတော့ ထုထည်ရော ကြံ့ခိုင်မှုပါ ကြီးမားမယ့်သဘောရှိပါတယ် " ဟု ၄င်းက ဆိုသည်။ ကမ်းနားလမ်းသစ် ဖောက်လုပ်ရာတွင်လမ်းဧရိယာထဲတွင်ပါဝင်မည့်ဌာနဆိုင်ရာ လူနေအိမ်အဆောက်အအုံပေါင်း ၈၀၇ လုံးရှိပြီး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ၅၅ လုံး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၃၆ လုံး၊ စွမ်းအင်ဝန်ကြီးဌာနမှ ၂၅ လုံး၊နယ်စပ်စည်ပင်မှ ၃ လုံး၊ ရေတပ် တပ်ထိန်းရုံးမှ ၄ လုံး၊ သစ်တောမှ ၆၅၈ လုံးနှင့် လျှပ်စစ်၂မှ ၂၆ လုံးဖြစ်ကြောင်း သိရသည်။ အသစ်တည်ဆောက် ဖောက်လုပ်မည့်လမ်းသည်ဖြတ်သန်းသွားလာမည့် ယာဉ်နှင့် ဝန်အလေးချိန် ခံနိုင်ရည်ကို တန် ၁၀၀ သတ်မှတ်ထားပြီး နေ့စဉ်ဖြတ်သန်းသွားလာမည့် ယာဉ်အစီးရေမှာ ၁၀၀၀ မှ ၁၂၀၀ ခန့်အထိ လျာထားကြောင်း၊ လက်ရှိသွားလာနေသည့် ကမ်းနားလမ်းမ၏ ယာဉ်နှင့်ကုန်ခံနိုင်မှု အလေးချိန်မှာ တန် ၆၀ သာရှိကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၇ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## ငါးသိန်းတန် စီဒီအမ်အေဖုန်းများ အကန့်အသတ်မရှိ ချပေးမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၅သိန်းတန် စီဒီအမ်အေဖုန်းများကို အကန့်အသတ်မရှိ ချပေးမည်ဖြစ်ပြီး ဆက်သွယ်ရေးကောင်းမွန်စေရန်အတွက်ပင်မစခန်းများကိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဇွန်လ ၅ရက်နေ့တွင် ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ဝါယာလက် အော်တိုတယ်လီဖုန်းဌာနသို့ လာရောက်စစ်ဆေးသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဦးသိန်းဇော်က ပြောကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားချက်အရ သိရသည်။ လိုင်းဆွဲအား ကောင်းမွန်စေရန်အတွက် MCS ဆက်သွယ်ရေး ပင်မစခန်း ခံနိုင်ဝန် မြှင့်တင်ခြင်း၊ BTS စခန်း ၉ ခုတပ်ဆင်ခြင်းနှင့် CU (Carrier Unit) ၉၂ ခု တိုးမြှင့်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ငါးသိန်းတန် အထိုင်ဖုန်းများကို ရွေ့လျားဖုန်းများအဖြစ် သယ်ယူသွားလာနေခြင်းကြောင့် ဖုန်းလိုင်းများကျပ်ကာ တစ်ခါတစ်ရံ လိုင်းမမိခြင်းများ ဖြစ်ပေါ်နေခြင်းကို လိုင်းဆွဲအား ကောင်းမွန်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ " ငါးသိန်းတန်ဖုန်းတွေကို သတ်မှတ်နေရာမှာပဲ အထိုင်ဖုန်းနဲ့ သုံးမယ်ဆိုရင် လိုင်းဆွဲအား ကောင်းတာပေါ့။ အခု ငါးသိန်းတန်ဖုန်း သုံးတဲ့သူတွေက နေရာအနှံ့ လက်ကိုင်ဖုန်းအဖြစ် သယ်ယူနေတော့ လိုင်းကျပ်တာတွေ ဖြစ်ကုန်ရော " ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြန်မာနိုင်ငံတွင် အိတ်ချိန်းပေါင်း ၉၀၀ နီးပါးနှင့် အော်တိုဖုန်း၊ မိုဘိုင်းဖုန်းများ အရေအတွက် စုစုပေါင်း ၇ သိန်းကျော်ရှိပြီး FEC ၂၀တန်နှင့် ၅၀တန် ဖုန်းကတ်များကိုလည်း သုံးစွဲလျက်ရှိကြောင်း၂၀၁၀ခုနှစ်ဇွန်လ၁၇ရက်နေ့ထုတ် Popular News ဂျာနယ်တွင် ဖော်ပြထားပါသည်။

# မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက် (၂၀၁၀ပြည့်နှစ်၊ ဇွန်လ ၁၈ရက်နေ့မှ ၂၄ရက်နေ့အထိ)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

မိုးအခြေအနေ

ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် ရွာသွန်းမှုအောက်လျော့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ရွာသွန်းမှုခန့်ရွာကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင်ရွာသွန်းမှုထက်ရွာနိုင်ပါသည်။

မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့တို့တွင် ၁၈၀စင်တီမီတာ(ခြောက်ပေခန့်)၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့တို့တွင် ၁၂၀ စင်တီမီတာ (လေးပေခန့်)နှင့် ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် ဟင်္သာတမြို့တို့တွင် ၉၀စင်တီမီတာ(သုံးပေခန့်)လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် ၁၈၀စင်တီမီတာ(ခြောက်ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင် ၁၂၀စင်တီမီတာ (လေးပေခန့်)လက်ရှိ ရေမှတ်များအထက်မြင့်တက်လာနိုင်ပါသည်။

# နိုင်ငံတကာသတင်း

## တစ်ကိုယ်တော်ရွက်လွှင့်သူ အမေရိကန်ဆယ်ကျော်သက် အသက်ရှင်လျက်ရှိ

ကမ္ဘာ့တစ်ပတ် ရွက်လှေဖြင့် ခရီးထွက်ခဲ့သူ အမေရိကန်ဆယ်ကျော်သက်အား မိုးသက်မုန်တိုင်းကြားတွင် ပျောက်ဆုံးသွားပြီးဟု ယူဆထားရာမှ ယမန်နေ့က ၎င်းအား သူမ၏ ပျက်စီးနေသော လှေအတွင်းတွင် ကောင်းမွန်စွာရှိနေကြောင်း သိရှိခဲ့ရသည်ဟု အမေရိကန်နိုင်ငံထုတ် သတင်းမီဒီယာများတွင် ရေးသားဖော်ပြထားသည်။ အိန္ဒိယသမုဒ္ဒရာတွင် လှိုင်းလေအနည်းငယ် ငြိမ်သက်သွားချိန်တွင် လေယာဉ်ဖြင့် အနိမ့်ပျံသန်း၍ ရှာဖွေကြရာ သူမ၏လှေအား ရေပေါ် ပေါ်လျက် အနေအထားဖြင့် ပထမဦးစွာ တွေ့ရှိကြရသည်။ သူမသည် လှေငယ်အတွင်းတွင် ကျန်းမာစွာရှိ၍ စားဖွယ်သောက်ဖွယ်များ နှစ်ပတ်စာခန့် ကျန်ရှိသေးသည်ဟု သိရှိရသည်။ (ဆင်ဟွာ)

## ဂျပန်နိုင်ငံ၏ ဂြိုဟ်သိမ်လေ့လာရေး အာကာသယာဉ် မြေပြင်သို့ပြန်လည်ဆင်းသက်မည်

လွန်ခဲ့သော ၇နှစ်ခန့်က အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်အကြား ရွေ့လျားနေသော ဂြိုဟ်သိမ်တစ်ခုကို အနီးကပ်လေ့လာ၍ ၎င်းဂြိုဟ်သိမ်မှ မြေနမူနာယူရန် ဂျပန်နိုင်ငံက လွှတ်တင်ခဲ့သော ဟာယာဘူဆာ အမည်ရှိ အာကာသယာဉ်သည် ယခုအခါ ကမ္ဘာ့လေထုအတွင်းသို့ ပြန်လည်ဝင်ရောက်လာပြီဖြစ်၍ တနင်္ဂနွေနေ့ညတွင် သြစတြေးလျနိုင်ငံတောင်ပိုင်းတောအုပ်အတွင်းသို့ ကျရောက်လာမည်ဖြစ်သည်။ ယင်းသို့ ကျဆင်းလာ ချိန်တွင် ထိပ်ဖူးနှင့် ကိုယ်ထည်ကွဲကွာ၍ မီးလောင်ကျွမ်းမည်ဖြစ်သည်။ ထိုကဲ့သို့ ဂြိုဟ်သိမ်တစ်ခုနှင့် ထိတွေ့၍ မြေနမူနာယူနိုင်သော အာကာသစူးစမ်းလေ့လာမှုတွင် ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။ (ဆင်ဟွာ)

## ယူရေနီယံ သန့်စင်စက်ရုံသစ် အီရန်တည်ဆောက်မည်

အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်စက်ရုံသစ်ကို လာမည့်နှစ်မတ်လတွင် စတင်ဆောက်လုပ်မည်ဖြစ်ကြောင်း အီရန်နျူကလီးယားအစီအစဉ် အကြီးအကဲအလီအက္ကဘာဆာလီဟီက အတည်ပြုပြောကြားခဲ့သည်။ အီရန်အစိုးရသည် နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးစက်ရုံများအတွက် လောင်စာထုတ်လုပ်ပေးနိုင်မည့် ယူရေနီယံသန့်စင်ရေး စက်ရုံ ၁၀ ရုံတည်ဆောက်ရေးစီမံချက်ကို လက်ခံသဘောတူညီထားပြီးဖြစ်သည်။ အီရန်၏ လက်ရှိနျူကလီးယားနည်းပညာသည် နျူကလီးယားလက်နက်များထုတ်လုပ်လာနိုင်သည့်အထိဦးတည်နေမှုကို အမေရိကန်နိုင်ငံနှင့် အခြားနိုင်ငံအချို့က စိုးရိမ်လျက်ရှိကြသည်။ သို့ရာတွင် နျူကလီးယားလက်နက်ထုတ်လုပ်ရန် ရည်ရွယ်ချက်မရှိကြောင်း အီရန်က ငြင်းဆိုသည်။ (ဘီဘီစီ)

## အာဖဂန်စစ်သွေးကြွခေါင်းဆောင်များကို အကြမ်းဖက်သမားစာရင်းမှ ပယ်ဖျက်ရေး ကုလသမဂ္ဂ လေ့လာသုံးသပ်

အာဖဂန်စစ်သွေးကြွခေါင်းဆောင်များကို အကြမ်းဖက်သမားစာရင်းထဲမှ ဖယ်ထုတ်နိုင်ရေးကို လေ့လာသုံးသပ်ရန် ကုလသမဂ္ဂကော်မတီတစ်ရပ်သည် ယခုလအတွင်း အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က စနေနေ့တွင်ပြောကြားသည်။ယခုလအတွင်းကျင်းပခဲ့သောအဖဂန်နစ္စတန်အမျိုးသားငြိမ်းချမ်းရေးဆွေးနွေးပွဲ အပြီးတွင် ကုလသမဂ္ဂကော်မတီ၏ ခရီးစဉ်ကို စီစဉ်ခဲ့ခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်အမျိုးသားငြိမ်းချမ်းရေး ဆွေးနွေးပွဲ၏ ရလဒ်များအဖြစ် အာဖဂန်စစ်သွေးကြွခေါင်းဆောင်များကို အကြမ်းဖက်သမားစာရင်းမှ ပယ်ဖျက်ရန် တောင်းဆိုမှုအပါအဝင် ဆုံးဖြတ်ချက် ၁၆ ရပ်ပေါ်ထွက်ခဲ့သည်။ စစ်သွေးကြွခေါင်းဆောင်များကို အကြမ်းဖက်သမားစာရင်းမှ ပယ်ဖျက်ရေးသည် အာဖဂန်နစ္စတန်နိုင်ငံ၏ အရေးကြီးသော ကာလနှင့် ဆက်စပ်နေသည်ဖြစ်ရာ အချိန်ယူ၍ လုပ်ဆောင်ရမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန်ဆိုင်ရာကုလသမဂ္ဂ အထူးကိုယ်စားလှယ်က ပြောကြားသည်။ (အေအက်ဖ်ပီ)

## အာဖဂန်နိုင်ငံတွင် အဖိုးတန်သတ္တုသိုက်များ တွေ့ရှိ

အာဖဂန်နစ္စတန်နိုင်ငံတွင် စက်မှုလုပ်ငန်းများ ထူထောင်ပေးရန် အစီအစဉ်၏ တစိတ်တဒေသအဖြစ်အမေရိကန်ဘူမိလေ့လာရေးအဖွဲ့တစ်ဖွဲ့သည်အာဖဂန်နိုင်ငံအတွင်းသတ္တုတူးဖော်ရေးအလားအလာများကို စစ်ဆေးလေ့လာပြီးနောက် အစီရင်ခံစာတစ်ခု ထုတ်ပြန်ခဲ့သည်။ ၎င်းအစီရင်ခံစာအရ အာဖဂန်နိုင်ငံတွင် အဖိုးထိုက်တန်သော လစ်သီယံ၊ သံ၊ ရွှေ၊ နီရိုဘီယံနှင့် ကိုဘော့သတ္တုသိုက်များ အများအပြားရှိ၍ တန်ဖိုးအားဖြင့် ဒေါ်လာ ၁ ထရီလီယံကျော်ရှိသည်ဟု ဖော်ပြထားသည်။ယခုခန့်မှန်းချက်သည် လျှော့ပေါ့၍ခန့်မှန်းထားခြင်းဖြစ်သည်ဟု အဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးက ထုတ်ဖော်ပြောဆိုသည်။ နိုင်ငံ၏ ကြွယ်ဝသော သဘာဝအရင်းအမြစ်များသည် စီးပွားတိုးတက်ရေးအတွက် အဓိကကျသည်ဟု သမ္မတက ပြောဆိုသည်။ စစ်ကြောင့် အစိတ်စိတ်အမွှာမွှာဖြစ်နေ၍ လာဘ်စားမှုများ ပေါများသော အာဖဂန်နိုင်ငံတွင် အဆိုပါသတ္တုသိုက်များကို ထိရောက်စွာ အသုံးချနိုင်မည့် နည်းလမ်းများအပေါ် သံသယများ ထားရှိကြသည်။ လစ်သီယံသတ္တုသိုက်သည် ကမ္ဘာပေါ်တွင် အများဆုံးထုတ်လုပ်သော ဘိုလီးဗီးယား နိုင်ငံထက်ပင် သာလွန်ဖွယ်ရှိသည်ဟု ပြောဆိုကြသည်။ (အေအက်ဖ်ပီ)

## လူလိုက်ပါသော အာကာသယာဉ် ရုရှားလွှတ်တင်

အာကာသယာဉ်မှူး ၃ဦးလိုက်ပါလာသော ရုရှားနိုင်ငံ၏ အာကာသယာဉ်တစ်စင်းကို ဗုဒ္ဓဟူးနေ့နံနက်စောစောက ကာဇက်စတန် နိုင်ငံရှိ ဘိုင်ကိုနူးအာကာသ စခန်းမှ လွှတ်တင်ခဲ့သည်။ ၎င်းအာကာသယာဉ် ဆိုယု TMA 19 သည် နိုင်ငံတကာ အာကာသစခန်းနှင့် နောက်နှစ်ရက်အကြာတွင် သွားရောက်ချိတ်ဆက်မည်ဖြစ်သည်။ ယခုအခါ ISS တွင် အာကာသယာဉ်မှူး ၆ဦး ရှိမည်ဖြစ်သည်။ ၎င်းတို့သည် အာကာသအတွင်း ရက်ပေါင်း ၁၆၀ခန့်နေထိုင်၍ အာကာသအတွင်းလမ်းလျှောက်ခြင်းနှင့် သိပ္ပံစမ်းသပ်မှုများကို ပြုလုပ်မည်ဖြစ်သည်။ (ဆင်ဟွာ)

အမေရိကန်နိုင်ငံက အီရန်နိုင်ငံအပေါ် တားမြစ်ပိတ်ဆို့မှုပြုလုပ်

အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးက အီရန်နိုင်ငံ၏ နျူးကလီးယားအစီအစဉ်များနှင့် ပတ်သက်၍ အဆိုပါနိုင်ငံမှ လူပုဂ္ဂိုလ်များနှင့် လုပ်ငန်းများအပေါ် စီးပွားရေးပိတ်ဆို့မှုများ တိုးချဲ့ပြုလုပ်သ
ဗုဒ္ဓဟူးနေ့က ထုတ်ဖော်ပြောဆိုသည်။ အခြားသောနိုင်ငံများ၏ အစိုးရများနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများသည် အီရန်နိုင်ငံ၏ တရားမဝင်လှုပ်ရှားမှုများကို ထောက်ပံ့ခြင်းမပြုရန် သတိပေးရာ
ဝန်ကြီးကပြောဆိုသည်။ တားမြစ်ပိတ်ပင်ချက်တွင် အီရန်နိုင်ငံ၏ စာတိုက်ဘဏ်လုပ်ငန်း အစ္စလာမ်တော်လှန်ရေးအစောင့်တပ်ဖွဲ့ သင်္ဘောလိုင်း ၅ခုနှင့် လူပုဂ္ဂိုလ်များနှင့် ပတ်သက်လျက်ရှိသ
အထက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် အမေရိကန်နိုင်ငံသားများ ဆက်သွယ်၍ လုပ်ငန်းလုပ်ကိုင်မှုကို ပိတ်ပင်သည့်အပြင် အမေရိကန်နိုင်ငံတွင်းရှိ ၎င်းတို့ပိုင် ပစ္စည်းများကိုလည်း ထိန်းချုပ်ထားမည်
လွန်ခဲ့သောဗုဒ္ဓဟူးနေ့က ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်နိုင်ငံအပေါ် စတုတ္ထမြောက် တားဆီးပိတ်ပင်မှုများ သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။ (ဆင်ဟွာ)

# သတင်းအတို

## စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်ခြင်းအား ထိရောက်စွာအရေးယူမည်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ်အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်း တွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ်ခွင့်ပြုကာလတစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာတပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့် အညီသွားလာကြရန်နှင့် သတ်မှတ်ထုတ်ပေးထားခြင်းမရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၃ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

## ယခုနှစ်အတွက် အာမခံလျော်ကြေး အများဆုံးပေးရတဲ့ မုံရွာဈေးမီး

စစ်ကိုင်းတိုင်း၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်ကွက်ရှိ ချင်းတွင်းရတနာဈေး (ဈေးသစ်) မီးလောင်မှုအတွက် အာမခံလျော်ကြေး ကျပ် ၄၈.၉၅ သန်းခန့် ပေးဖို့ရှိတယ်လို့ မြန်မာ့အာမခံလုပ်ငန်းက သိရပါတယ်။ "ဒီနှစ်အတွက် အများဆုံးနဲ့ ပထမဆုံးပေးလျော်ရတဲ့ ဈေးမီးလောင်မှုပါ။ မုံရွာဈေးသစ်ထဲက ဆိုင်ခန်း ၁၀၇ခန်း မီးအာမခံထားတယ်၊ အာမခံမထားတဲ့ တန်ဖိုးက ကျပ် ၁၁၂သန်းရှိတယ် " လို့ မြန်မာ့အာမခံလုပ်ငန်း၊ အထွေထွေမန်နေဂျာ ဒေါက်တာ မောင်မောင်သိမ်းက ပြောပါတယ်။ အာမခံထားတဲ့ ငွေပမာဏက ဆိုင်ခန်းတစ်ခန်းချင်းအတွက် အနည်းဆုံးကျပ်သုံးသိန်းကနေ အများဆုံး ကျပ်သုံးသန်းအထိရှိပါတယ်။ အာမခံထားတဲ့ ဆိုင်ခန်း ၄၉ခန်း မီးလောင်လို့ လုံးဝပျက်စီးဆုံးရှုံးတယ်ဆိုရင် အာမခံလျော်ကြေးအပြည့်အဝရမှာ ဖြစ်ပါတယ်လို့ ဆိုကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၁ရက်နေ့ထုတ် မော်ဒန် ဂျာနယ်တွင် ဖော်ပြထားပါသည်။

## GSM လိုင်း ရှစ်သောင်း ထပ်မံတိုးချဲ့မည်

GSM လိုင်းရှစ်သောင်း ထပ်မံတိုးချဲ့မည်ဖြစ်ပြီး လိုင်းဆွဲအားကောင်းမွန်စေရေးအတွက် MCS ဆက်သွယ်ရေးပင်မစခန်း ခံနိုင်ဝန်မြှင့်ခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သိရသည်။ ရန်ကုန်မြို့တွင် GSM ရေဒီယိုစခန်း ၃၃ခု တည်ဆောက်ပြီး လိုင်းရှစ်သောင်းတိုးချဲ့မည်ဖြစ်ကာ ၎င်းလိုင်းသစ်များအပြင် GSM ဖုန်းလိုင်းဆွဲအား ကောင်းမွန်စေရေးအတွက် MCS ဆက်သွယ်ရေးပင်မစခန်း ခံနိုင်ဝန်မြှင့်ခြင်း၊ BTS စခန်း ကိုးခုတပ်ဆင်ခြင်းနှင့် CU (Corrier Unit) ၉၂ခု တိုးမြှင့်ခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် ငွေကျပ် ငါးသိန်းဖြင့် CDMA 450 MHz၊ CDMA 800MHz ဖုန်းများကို ချထားပေးလျက်ရှိကြောင်း သိရသည်။ ဖုန်းလိုင်းများ စဉ်ဆက်မပြတ်ချထားပေးခြင်းကြောင့် ပြင်ပငှားရမ်းဈေးကွက် အေးလျက်ရှိကာ ယခင် GSM ဖုန်းများနေရာတွင် CDMAဖုန်းများ အစားထိုးသုံးစွဲလာကြသည်ဟု မိုဘိုင်းဖုန်းဈေးကွက်အတွင်းမှ သိရသည်။ ယခုလက်ရှိ မြန်မာနိုင်ငံတွင် အိတ်ချိန်းပေါင်း ၉၀၀နီးပါး၊ အော်တိုတယ်လီဖုန်း၊ မိုဘိုင်းဖုန်း၊ လက်သုံးတယ်လီဖုန်းများ ပါဝင်သည့် ဖုန်းလိုင်းအရေအတွက် စုစုပေါင်း ခုနစ်သိန်းကျော်ရှိကြောင်း သိရသည်။ လက်ရှိ ဖုန်းလိုင်းအနည်းငယ်ကျပ်နေပြီး ထိုသို့ လိုင်းကျပ်ရခြင်းမှာ FEC ၂၀တန်၊ ၅၀တန် ကတ်များ သုံးစွဲမှု များပြားခြင်းကြောင့် ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၇ရက်နေ့ထုတ် ပြည်မြန်မာဂျာနယ်တွင် ဖော်ပြထားပါသည်။

## ဒေါက်တာတင်မောင်မောင်သန်းမှ "Developmental State Model In Industrial Development" "စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်ပုံစံ"ခေါင်းစဉ်ဖြင့် ဟောပြောမည်

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုဂ္ဂလိကလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ဟောပြောပွဲများကို ၂၀၀၆ခုနှစ်၊ ဇန်နဝါရီလ၊ (၇)ရက်နေ့မှစ၍ (၂)ပတ်လျှင် တစ်ကြိမ် ကျင်းပလျက်ရှိပါသည်။ ၂၀၁၀ခုနှစ်တွင်လည်း (၂)ပတ်လျှင်တစ်ကြိမ် ဆက်လက်ကျင်းပမည်ဖြစ်ပါသည်။ ယခုကျင်းပမည့် ဟောပြောပွဲအမှတ်စဉ် (၁၂/၂၀၁၀)ကို Myanmar Awba Group Co.,Ltd ၏ ပံ့ပိုးကူညီမှုဖြင့် ဒေါက်တာတင်မောင်မောင်သန်းမှ "Developmental State Model In Industrial Development" "စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးတွင် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်ပုံစံ"ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ပါသည်။ ယင်းဟောပြောပွဲကို ၂၀၁၀ခုနှစ်၊ ဖွန်လ (၁၉)ရက်(စနေနေ့)၊ နေ့လည် (၂း၀၀)နာရီတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဘုရင့်နောင်လမ်းမကြီးနှင့် စက်မှုဆေးဝါးလမ်းထောင့်၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တွင် ကျင်းပမည်ဖြစ်ပါသည်။ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိပါသည်။ (ခေတ်လူငယ်)

## အခွန်တံဆိပ်ကပ်မထားသည့် ကုန်စည်များကို လိုက်လံစစ်ဆေးမည်

အခွန်အမှတ်တံဆိပ်တပ်ဆင်ထားခြင်းမရှိသည့် အရက်၊ ဘီယာ၊ ဝိုင်၊ စီးကရက်၊ သောက်ရေသန့် အစရှိသည့် ပစ္စည်းများကို စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်းများအထိ လိုက်လံစစ်ဆေးမှုများ ပြုလုပ်နေပြီဟု သိရသည်။ အခွန်အမှတ်တံဆိပ်များကပ်နှိပ်ခြင်းကို ယခုနှစ်မတ်လအတွင်း စစ်ဆေးရေးအဖွဲ့များမှ စက်ရုံအလုပ်ရုံလက်လီ၊ လက်ကားဖြန့်ဝေသည့် နေရာများတွင် လိုက်လံတံဆိပ်ကပ်နှိပ်ပေးခြင်းများ ပြုလုပ်ပြီးဖြစ်သည်။ ဧပြီလမှ စတင်ကာ စစ်ဆေးခြင်းများ ပြုလုပ်ပြီး စစ်ဆေးရာတွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းရှိ မရှိ၊ ကပ်ထားသော အမှတ်တံဆိပ်မှာ ပြည်တွင်းအခွန်ဦးစီးဌာနမှ ထုတ်ပေးထားသည့်အမှတ်တံဆိပ်ဟုတ် မဟုတ်၊ ကုန်စည်အမျိုးအစားနှင့် ကပ်နှိပ်ထားသည့် အမှတ်တံဆိပ်မှန်ကန်မှုရှိ မရှိ၊ ကပ်နှိပ်ထားသည့် တံဆိပ်အမျိုးအစားနှင့် ရောင်းချသူရောင်းဈေးကိုက်ညီမှုရှိ မရှိ၊ အခွန်တံဆိပ်ကပ်နှိပ်ထားသည့်နေရာ မှန်မမှန်များကို စစ်ဆေးသွားမည်ဟု သိရသည်။ စစ်ဆေးမှုတွင် တံဆိပ်တုများ ထုတ်လုပ်သူနှင့် တံဆိပ်ကပ်နှိပ်ခြင်းမရှိသည့် ပြည်ပထုတ် ပစ္စည်းများဖြစ်ပါက ပစ္စည်းများအား သိမ်းဆည်းကာ လူအား အခွန်ဥပဒေအရ ထိမ်းချုပ်မှုအတွက် ဒဏ်ရိုက်ခြင်း၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၂(က)အပြင် ဝင်ငွေခွန်ဥပဒေထိမ်းချုပ်မှုအတွက် ပုဒ်မ ၄၇အရဒဏ်ငွေ ထိမ်းချုပ်ခြင်းကြောင့် ပိုမိုကျူးလွန်သည့် ဥပဒေပုဒ်မ ၂၃အရ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ ၁၇ရက်နေ့ထုတ် 7 Day News ဂျာနယ်တွင် ဖော်ပြထားပါသည်။

## အသစ်တည်ထောင်မည့် ပုဂ္ဂလိကဘဏ် အမည်များ ထွက်ပေါ်၊ Asia Green၊ မြန်မာ့ရွှေ့ဆောင်၊ အမရာနှင့် ရောဝတီ အမည်များဖြစ်ပြီး နေပြည်တော်တွင် ဘဏ်ရုံးချုပ်များ ထားရှိမည်

အသစ်တည်ထောင်ခွင့် ပေးထားသည့် ပုဂ္ဂလိကဘဏ် လေးခု၏ အမည်များ ထွက်ပေါ်လာကြောင်းနှင့် နေပြည်တော်တွင် ဘဏ်ရုံးချုပ်များ ထားရှိဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ ထူး၊ ဒေင်၊ IGE နှင့် မက်(စ်) မြန်မာ ကုမ္ပဏီများအနေဖြင့် ပုဂ္ဂလိကဘဏ် တည်ထောင်ခွင့်များ ရရှိထားပြီး ယခုအခါဖွင့်လှစ်နိုင်ရန် ဝန်ထမ်းဖြည့်တင်းခြင်းအပြင် ဘဏ်တည်ထောင်ရန် ပြင်ဆင်ခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ ယခုအခါတွင် ဘဏ်သစ်များ၏ အမည်များ ထွက်ပေါ်လာပြီဖြစ်ကြောင်း သိရသည်။ ထူးအုပ်စုကုမ္ပဏီမှ Asia Green အမည်ဖြင့်လည်းကောင်း၊ ဒေင်အုပ်စုကုမ္ပဏီမှ မြန်မာ့ရွှေ့ဆောင်အမည်ဖြင့် လည်းကောင်း၊ IGE ကုမ္ပဏီမှ အမရာ အမည်ဖြင့် လည်းကောင်း၊ မက်(စ်)မြန်မာကုမ္ပဏီမှ ရောဝတီအမည်ဖြင့် လည်းကောင်း အသီးသီး တည်ထောင်သွားမည်ဟု သိရသည်။ "ပုဂ္ဂလိက ဘဏ်ရုံးချုပ်မှန်သမျှ နေပြည်တော်မှာပဲ အခြေစိုက်ကြတာဖြစ်လို့ အခုဘဏ်သစ် လေးခုအနေနဲ့လည်း နေပြည်တော်မှာ ရုံးချုပ်ထားရှိဖွင့်လှစ်မှာပါ။ ပြီးရင်တစ်ခြား မြို့ကြီးတွေမှာ တိုးချဲ့ဖွင့်သွားမယ့် သဘောပါ။ ဘဏ်နာမည်တွေက တော့ထွက်လာပါပြီ အမရာ၊ ရောဝတီ၊ မြန်မာ့ရွှေ့ဆောင်နဲ့ Asia Green အမည်တွေနဲ့ တည်ထောင် မယ်လို့သိရတယ်"ဟု စီးပွားရေး လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့ကြောင်း ၂၀၁၀ခုနှစ် ဖွန်လ၁၈ရက်နေ့ထုတ် Bi Weekly Eleven ဂျာနယ်တွင်ဖော်ပြထားပါသည်။

## မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ NPCC တို့ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စာချုပ်ချုပ်ဆို

စွမ်းအင်ဝန်ကြီးဌာနမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံ North Petro-Chem Corporation Limited (NPCC) တို့သည် ကုန်းပိုင်းလုပ်ကွက်F (ငလှိုင်းတွင်းဒေသ) ၌ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ဇွန် ၁၆ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၈ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်ဖော်ပြထားပါသည်။

ဆိုင်ကယ်များ ဇွန်လကုန်အထိ တရားဝင်မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာ

နိုင်ငံတော်က ပြည်သူလူထု ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ရည်ရွယ်ပြီး တရားမဝင်တင်သွင်းလာသည့် ဆိုင်ကယ်များကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁ရက်မှ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၃၁ရက်အထိ အခွန်အခများပေးချေ၍ တရားဝင်မှတ်ပုံတင်များ ထုတ်ပေးခဲ့ပြီးဖြစ်သည်။ ယခုအခါ ပြည်သူများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် တရားဝင်မှတ်ပုံတင်ပြုလုပ်ရေးကို အချိန်ကာလတိုးမြှင့်ပြီး ၂၀၁၀ခုနှစ် ဇွန် ၃၀ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ၂၀၁၀ခုနှစ် ဇူလိုင် ၁ရက်မှစတင်ပြီး မှတ်ပုံတင်မဲ့ဆိုင်ကယ်များကို တရားဥပဒေနှင့်အညီ နိုင်ငံပိုင်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း သိရသည်။ အကယ်၍ နိုင်ငံပိုင်သိမ်းဆည်းထားသော ဆိုင်ကယ်များကို ပိုင်ရှင်ဖြစ်သူက ပြန်ရယူလိုကြောင်း လျှောက်ထားလာလျှင် ဆိုင်ကယ်၏တန်ဖိုးနှင့် ကျသင့်သည့်အခွန်ငွေများကို ပေးဆောင်ရမည်ဖြစ်ပြီး နိုင်ငံတော်က တရားဝင်အဖြစ် သတ်မှတ် မှတ်ပုံတင်ပေးမည်ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း ၂၀၁၀ခုနှစ် ဇွန်လ ၁၁ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# ပညာရှိအဆိုအမိန့်

## အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)

### <u>အနိူင်းမဲ့လာဘ်</u>

ကိုယ်ပြုပြင်ဖန်တီးလို့မရတဲ့ အကြောင်းတရားတွေကို အသာထားပြီး ပြုပြင်ဖန်တီးလို့ရတဲ့ အကြောင်းတရားတွေကိုတော့ သတိတရား၊ ဆင်ခြင်ဉာဏ်တရားနဲ့ ဂရုတစိုက် ပြုပြင်ပေးရပါမယ်။ အထူးသဖြင့် အစားအသောက်အာဟာရနဲ့ အပူအအေးဥတုကို ဂရုတစိုက် ပြုပြင်ဆင်ခြင်ဖို့ လိုအပ်လှပါတယ်။ အစားအသောက်အာဟာရနဲ့ ကျန်းမာရေးကို ပြုပြင်တဲ့နေရာမှာ ကြိုက်တာမစားဘဲ တည့်တာစားဖို့ အရေးကြီးပါတယ်။ ကြိုက်တာကိုလည်း လိုအပ်ရုံအတိုင်းအတာထက်ပိုပြီး မစားမိဖို့ ဆင်ခြင်ရပါတယ်။ "အချိန်မှန်စား၊ တည့်တာစား၊ လျှော့စား"ဆိုတဲ့ စည်းစနစ်နဲ့အညီ စားသောက်သွားမယ်ဆိုရင် ကိုယ်ကျန်းမာရေးအတွက် အများကြီး အထောက်အကူပြုမှာ သေချာပါတယ်။ အပူအအေးဥတုနဲ့ ကျန်းမာရေးကို ပြုပြင်တဲ့နေရာမှာ ရေချိုးခြင်းနဲ့ အိပ်စက်ခြင်းကို ဂရုစိုက်ရပါမယ်။ အညစ်အကြေးသန့်စင်အောင်၊ အပူငြိမ်းအေးအောင် ရေချိုးတယ်ဆိုပေမယ့် သူ့အချိန်နဲ့သူချိုးသင့်တဲ့အချိန်ကျမှ ချိုးရပါတယ်။ ချိုးချိန်တန်ပေမယ့်လည်း အေးနေရင်၊ ရေကြောက်နေရင်၊ ချိုးချင်စိတ်မရှိရင် မချိုးရပါဘူး။ ချိုးရင် အန္တရာယ်ဖြစ်တတ်ပါတယ်။

ကိုယ်အတွင်းမှာ အပူအအေး အခိုးအငွေ့ ညီမျှဖို့အတွက် အိပ်စက်သင့်တဲ့အချိန်မှာ အိပ်စက်ရပါတယ်။ အိပ်စက်ချိန်ပမာဏနဲ့ ပတ်သက်လို့ကတော့ လူတိုင်းအတွက် တပြေးညီသတ်မှတ်ထားလို့ မရပါဘူး။ ကိုယ့်ခန္ဓာရဲ့တုံ့ပြန်မှုကို သတိထားကြည့်ပြီး ကိုယ့်အတွက် လိုအပ်သလောက် အိပ်စက်ရပါမယ်။ နေ့လယ်စာစားပြီး ခေတ္တအိပ်စက်ဖို့လိုအပ်ရင် ဘယ်သူတွေ ဘယ်လိုပဲ ကဲ့ရဲ့ ကဲ့ရဲ့ အချိန်မရရအောင်ယူပြီး ခေတ္တအိပ်စက်ရပါမယ်။ လိုအပ်သလို အိပ်စက်နားနေမှုရှိမှလည်း သွေးသားအခိုးအငွေ့တွေ ငြိမ်သက်အေးမြပြီး နေလို့ထိုင်လို့၊ လုပ်လို့ကိုင်လို့ ကောင်းပါတယ်။

အာဟာရပြုပြင်မှုနဲ့ ဥတုပြုပြင်မှုက ကိုယ်ကျန်းမာရေးကို အကောင်းဆုံးကျေးဇူးပြုနိုင်ဖို့အတွက် ကိုယ်လက်လှုပ်ရှား အားကစားကိုလည်း မမေ့မလျော့ ပြုလုပ်ပေးသင့်ပါတယ်။ ထွေထွေထူးထူး မလုပ်တောင် အနည်းဆုံး လမ်းလျှောက်ခြင်း၊ စင်္ကြံ လျှောက်ခြင်းကိုတော့ မလုပ်မဖြစ် ပြုလုပ်ရပါမယ်။ လမ်းလျှောက်မှ စားသောက်ထားတဲ့အာဟာရတွေ ကြေကျက်လွယ်ပြီး အာဟာရပြုပြင်မှု ထိရောက်နိုင်ပါတယ်။ လမ်းလျှောက်မှ ကိုယ်တွင်းက အပုပ်ဓာတ်၊ အခိုးဓာတ်တွေ အပြင်ထွက်ခွင့်ရပြီး ဥတုပြုပြင်မှု ထိရောက်နိုင်ပါတယ်။ လမ်းလျှောက်ခြင်း၊ စင်္ကြံ လျှောက်ခြင်းကြောင့် အပင်ပန်းခံနိုင်ခြင်း၊ စိတ်တည်တံ့ခြင်း အကျိုးကျေးဇူးတွေလည်း ရရှိနိုင်ပါတယ်။

အနာရောဂါကင်းရှင်း ကျန်းမာခြင်းဆိုတဲ့ အနိူင်းမဲ့လာဘ်နဲ့ပြည့်စုံဖို့အတွက် ကိုယ်ခန္ဓာပိုင်းဆိုင်ရာကို ပြုပြင်စောင့်ရှောက်သလို ကုသိုလ်ကံပိုင်းဆိုင်ရာကိုလည်း အားဖြည့်ပံ့ပိုးပေးရပါမယ်။

အနာရောဂါကင်းကြောင်း ကောင်းမှု၊ အသက်ရှည်ရာရှည်ကြောင်းကောင်းမှုတွေနဲ့ ကုသိုလ်ကံကို မြှင့်တင်ပေးရပါတယ်။ ဥပမာ၊ မကျန်းမမာဖြစ်နေသူကို သူ့ရောဂါနဲ့သက်ဆိုင်ရာ ဆေးဝါးဓာတ်စာ၊ ဆေးကိရိယာလှူဒါန်းခြင်း၊ ဆေးနည်းနာ ပြောပြခြင်း၊ လိုအပ်သလို ကူညီဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်ရပါမယ်။

ရေစစ်အလှူ၊ ဆေးအလှူ၊ ကျောင်းအလှူ၊ တံတားဟောင်း၊ လမ်းဟောင်း၊ စေတီဟောင်းစတဲ့ အဟောင်းအပျက် ပြုပြင်ခြင်းအလှူ၊ ငါးပါးသီလစောင့်ထိန်းခြင်း၊ ရှစ်ပါးသီလကျင့်သုံးခြင်းဆိုတဲ့ ကုသိုလ်ကောင်းမှု ခြောက်မျိုးဟာ အနာရောဂါကင်းကြောင်း ကောင်းမှု၊ အသက်ရှည်ရာရှည်ကြောင်း ကောင်းမှုတွေဖြစ်လို့ ယုံယုံကြည်ကြည်နဲ့ လိုက်နာကျင့်သုံးစေချင်ပါတယ်။

ဆွမ်းလှူရခြင်း၊ ရေလှူရခြင်း၊ ဘေးမဲ့လွှတ်ခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ကာမဂုဏ်ကိစ္စမလွန်ကဲခြင်း၊ စတာတွေဟာလည်း ကျန်းမာကြောင်း၊ အသက်ရှည်ကြောင်းတွေပါပဲ။ အတိုချုပ်ကတော့ မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ခြင်း၊ ကောင်းမှုမှန်သမျှ ပြုလုပ်ခြင်းနဲ့ စိတ်အနေမှန်သမျှ ဖြူစင်သန့်ရှင်းခြင်းတို့ဟာ ကျန်းမာခြင်းဆိုတဲ့ အနိူင်းမဲ့လာဘ်ကို ပိုင်ဆိုင်ခွင့်ရစေနိုင်တဲ့ အသေချာဆုံး အကြောင်းတရားတွေပါပဲ။

ကိုယ်ကျန်းမာရေးပြည့်စုံရုံနဲ့ ကျန်းမာသူတစ်ယောက်လို့ မဆိုနိုင်သေးပါဘူး။ စိတ်ကျန်းမာရေးနဲ့ ပြည့်စုံဖို့လည်း လိုအပ်ပါသေးတယ်။ ဘယ်အာရုံနဲ့ တွေ့တွေ့၊ ဘယ်အဖြစ်အပျက်နဲ့ကြုံကြုံ တုန်လှုပ်မှုမရှိဘဲ စိတ်ချမ်းသာအောင် နေတတ်ခြင်းဟာ စိတ်ကျန်းမာရေးပါပဲ။

ထစ်ခနဲရှိ ဝမ်းသာတယ်၊ ထစ်ခနဲ့ရှိ ဝမ်းနည်းတတ်တာဟာ စိတ်ကျန်းမာရေးမကောင်းခြင်းရဲ့ လက္ခဏာပါ။ စိတ်ထိခိုက်လွယ်ခြင်းဟာ စိတ်ကျန်းမာရေးအကောင်းခြင်းပါပဲ။ ဝမ်းသာလွယ်၊ ဝမ်းနည်းလွယ်၊ စိတ်ညစ်လွယ်၊ စိတ်ပျက်လွယ်၊ ခံစားလွယ်၊ ကြေကွဲလွယ်၊ ချစ်လွယ်၊ မုန်းလွယ်တဲ့သူတွေဟာ စိတ်ကျန်းမာရေးချို့တဲ့နေသူတွေပါ။ စိတ်ကျန်းမာရေး ညံ့ဖျင်းရတာဟာ အရာရာကို အဆိုးဘက်ကနေကြည့်တတ်လို့ပါ။ အရာရာကို အကောင်းဘက်ကနေ ကြည့်တတ်၊ မြင်တတ်၊ နလုံးသွင်းတတ်တဲ့ ယောနိသောမနသိကာရ မရှိခြင်းကြောင့် စိတ်ကျန်းမာရေးချို့ယွင်းရတာပါ။ စိတ်ကျန်းမာရေးချို့ယွင်းသူတွေရဲ့ အဓိကအားနည်းချက်ကတော့ အရာရာကို နားလည်မှု၊ ခွင့်လွှတ်မှုခေါင်းပါးခြင်းပါပဲ။

ယောနိသောမနသိကာရဆိုတာ စိတ်ထားတတ်တာကိုပြောတာပါ။ ကောင်းတဲ့အခြေအနေနဲ့ပဲ တွေ့တွေ့၊ ဆိုးတဲ့အခြေအနေနဲ့ပဲတွေ့တွေ့၊ တွေ့သမျှ အခြေအနေထဲက ကောင်းတဲ့အချက်ကို မရရအောင် ရှာကြံတွေးပြီး စိတ်ချမ်းသာအောင် ထားတတ်တာကို စိတ်ထားတတ်တယ်လို့ခေါ်ပါတယ်။ စိတ်ထားမတတ်ရင် စိတ်ချမ်းသာစရာနဲ့တွေ့နေတာတောင်မှ စိတ်ဆင်းရဲနေတတ်ပါတယ်။

အကောင်းထဲမှာလည်း အဆိုးရှိ၊ အဆိုးထဲမှာလည်း အကောင်းရှိတာမို့ အကောင်းနဲ့အဆိုး မျှတအောင် တွေးယူပြီး စိတ်တည်ငြိမ်အောင် ထားတတ်မယ်ဆိုရင် အကောင်းနဲ့ တွေ့လို့လည်း စိတ်မတက်တော့ပါဘူး။ အဆိုးနဲ့တွေ့လို့လည်း စိတ်မပျက်တော့ပါဘူး။ ဒါဆိုရင် စိတ်ကျန်းမာရေးကောင်းပါပြီ။

ဆားငန်သွားတဲ့ဟင်းတစ်ခွက်အပေါ် "နင် ငါ့ကို သွေးတိုးဖြစ်ပြီး သေစေချင်လို့ သေကြောင်းကြံတာလား"လို့ တုံ့ပြန်တဲ့သူနဲ့ "တစ်ခါတစ်ရံ အငန်ကဲတာလေး စားလိုက်ရတော့ သွေးကြော လေကြောပြီး ခန္ဓာကိုယ်ပေါ့ပါးသွက်လက်တာပေါ့"လို့ တုံ့ပြန်တဲ့သူ၊ ဘယ်သူစိတ်ချမ်းသာမှုရှိမလဲ၊ ဟင်းချက်သူကို ဘယ်သူစိတ်ချမ်းသာမှု ပေးနိုင်မလဲ။ အဖြေကရှင်းရှင်းလေးပါ။

ယောနိသော မရှိတဲ့သူ၊ စိတ်မထားတတ်တဲ့သူဟာ ကိုယ်ကိုယ်တိုင်လည်း စိတ်ချမ်းသာအောင် မနေတတ်သလို ကိုယ့်ပတ်ဝန်းကျင်ကိုလည်း စိတ်ချမ်းသာအောင် မဖန်တီးပေးနိုင်ပါဘူး။ ဒါကြောင့် မိမိရော၊ ပတ်ဝန်းကျင်ပါ စိတ်ချမ်းသာမှု အမြဲရှိစေဖို့အတွက် လူသားတိုင်း စိတ်ကျန်းမာရေးကောင်းအောင် ကြိုးစားဖို့ လိုအပ်လှပါတယ်။ သိပ်မခက်ပါဘူး။ အရာရာကို ယောနိသောမနသိကာရ ထားလိုက်ရုံပါပဲ။ စိတ်ထားတတ်ရင် စိတ်ကျန်းမာပါတယ်။

ကိုယ်ကျန်းမာရေးရော၊ စိတ်ကျန်းမာရေးပါ ပြည့်စုံပြီဆိုမှ အဲဒီလူကို ကျန်းမာတဲ့လူလို့ ဆိုနိုင်ပါတယ်။ ကျန်းမာခြင်းဆိုတဲ့ အနိူင်းမဲ့လာဘ်ကို ရယူပိုင်ဆိုင်ထားသူလို့ ပြောနိုင်ပါတယ်။

တစ်လောကလုံးရဲ့ အနိူင်းမဲ့ကျေးဇူးရှင်ဖြစ်တဲ့ မြတ်စွာဘုရားရှင်က ကျန်းမာခြင်းလာဘ်ဟာ အနိူင်းမဲ့လာဘ်ဖြစ်တယ်လို့ "အာရောဂျပရမာ လာဘာ"ဆိုတဲ့ စကားတော်နဲ့ ဟောကြားညွှန်ပြထားတာမို့ လူသားတိုင်း လူသားတိုင်း ကျန်းမာခြင်းဆိုတဲ့ အနိူင်းမဲ့လာဘ်ကို အပြည့်အဝ ရယူပိုင်ဆိုင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# ဟာသ

## ပျမ်းမျှခြင်းထက်

မယား။ ။ လူတွေက ပျမ်းမျှခြင်းအားဖြင့် တစ်ရက်ကို စကားလုံးရေ ၁၀,၀၀၀ ပြောတယ်လို့ သိပ္ပံပညာရှင်တွေကပြောတယ်။
လင်။ ။ ဟုတ်တယ်။ ဒါပေမဲ့သတိထားရမှာက မင်းက ပျမ်းမျှခြင်းအထက်ရောက်နေတာပဲ။

## အုန်းသီးပူတင်း

သတို့သမီးပုပုနွေးနွေး။ ။ သည်ညတော့ မောင့်ကို ထူးထူးကဲကဲအရသာရှိတာကျွေးမယ်နော်။ အုန်းသီးပူတင်းသိလား။ ခဏတော့စောင့်။
သတို့သားပုပုနွေးနွေး။ ။ နိပ်ကွ၊ ဒါပေမဲ့ အလယ်က အလုံးကြီးက ဘာလဲ။
သတို့သမီးပုပုနွေးနွေး။ ။ အုန်းသီးကြီးလေ။

## ပြည်သူ့ဝန်ထမ်း

မေး။ ။ ပြည်သူ့ဝန်ထမ်းနဲ့စစ်တုရင် ကစားသမားဘာခြားနားလဲ။
ဖြေ။ ။ စစ်တုရင်ကစားသမားကတော့ ရွှေ့တယ်၊ ပြီးတော့ ထပ်ရွှေ့တယ်။

## လွဲပုံ

"ငါရူးနေပြီလို့ထင်လားဟင်"
"မထင်ပါဘူးကွာ။ ဒါပေမဲ့ ငါ့အထင်တွေဟာ သူများထက် တလွဲစီအမြဲဖြစ်တတ်တယ်"

## အိပ်ယာ

တည်းခိုခန်းရှင်။ ။ ကျွန်မတို့က တစ်ည ဒေါ်လာ ၃၀ယူတယ်။ ကိုယ့်အိပ်ရာ ကိုယ့်ဟာကိုယ် ပြင်ရင်တော့ ၁၅ဒေါ်လာပဲယူတယ်။
ဧည့်သည်။ ။ အိပ်ယာကို ကိုယ့်ဟာကိုယ်ပဲပြင်မယ်။
တည်းခိုခန်းရှင်။ ။ ကောင်းပြီ။ ဟောသည်မှာ လွှရယ်၊ တူရယ်၊ သံရယ်။

## ပိုးဟပ်

ဈေးဝယ်။ ။ ပိုးဟပ်ရှိလား။
အားကစားပစ္စည်းဆိုင်ရှင်။ ။ ရှိတယ်၊ ငါးမျှားတဲ့လူတွေကိုရောင်းဖို့ထားတာ။
ဈေးဝယ်။ ။ အကောင်နစ်သောင်းလောက်ရချင်တယ်။
ဆိုင်ရှင်။ ။ ပိုးဟပ်အကောင်နစ်သောင်းတောင် ဘာလုပ်ဖို့လဲ။
ဈေးဝယ်။ ။ မနက်ဖြန်ဆိုရင် ကျွန်တော်အိမ်ရွှေ့ရတော့မှာ။ အိမ်ရှင်က အိမ်ပြန်ရွှေ့တဲ့အခါ ကျွန်တော်မူလစငှားတုန်းကအတိုင်း ပြန်အပ်ရမယ်ဆိုလို့။

## လှောင်ချိုင့်ထဲမှာ

အာဖရိကဆာဖာရီ ပန်းခြံကြီးထဲမှာ ခြင်္သေ့တွေကို လွတ်လွတ်လပ်လပ်လွှတ်ထားတာကို ကမ္ဘာလှည့်ခရီးသည်ရှစ်ယောက်စီးလာတဲ့ ကားက အနီးကပ်လာကြည့်တယ်။
"သိပ်ရက်စက်တာပဲကွာ"လို့ ဖခင်ခြင်္သေ့ကြီးက သူ့မိသားစုကို ပြောတယ်။
"ကြည့်စမ်းပါဦးကွာ လူတွေကို လှောင်ချိုင့်ထဲထည့်ထားလိုက်တာ"
ဂျလုံး

# ဗေဒင်

## ဧပြီ ၂၁ ရက် မှ မေ ၂၁ ရက် ကဆုန်လ (TAURUS) (ပြိဿရာသီဖွား)

June 18th မှ June 24th ကြား

တစ်ခုထက်မကသော ကိစ္စရပ်များကို တပြိုင်တည်းလုပ်ရင်း မနိုင်မနင်းနှင့် ဖယိုဖရဲဖြစ်ခြင်းများရှိမည်။ ကိုင်တွယ်ဆောင်ရွက်နေသည့် ကိစ္စများသည်လည်း လိုသလောက်ဆောင်ရွက်မရဖြစ်မည်။ ဝင်လာသမျှငွေပြန်ထွက်ကိန်းရှိသည်။ အပြောင်းအရွှေ့ အပြောင်းအလဲများရှိသည်။ ခရီးကိစ္စများ ပေါ်ပေါက်မည်။ လူမျိုးကွဲ လူမျိုးခြားများနှင့် တိုက်ရိုက်ဆက်စပ်၍ လုပ်သောကိစ္စများအဆင်ပြေမည်။ အကုန်အကျများမည်။ ရန်အတိုက်အခံများနှင့် ထိပ်တိုက်တွေ့တတ်သည်။ အိမ်ရှိသူများတစ်ဦးပြီးတစ်ဦး ကျန်းမာရေးချူချာမည်။ ဆေးရုံဆေးခန်းနှင့် မပြတ်ဖြစ်တတ်သည်။ ငွေကြေးကိစ္စတာဝန်ယူခြင်း၊ အာမခံခြင်းမပြုသင့်။ သူတစ်ပါးအပေါ် လွန်လွန်ကဲကဲယုံစားခြင်းမရှိသင့်။

## မတ် ၂၁ ရက် မှ ဧပြီ ၂၀ ရက် တန်ခူးလ (ARIES) (မိဿရာသီ)

June 18th မှ June 24th ကြား

အလုပ်အကြံသစ်များ အောင်မည်။ အပြောင်းအလဲနှင့် တိုးတက်မှုသစ်ရမည်။ မိတ်ကောင်းဆွေကောင်း အကျိုးရမည်။ သူတစ်ပါးနှင့် တွဲဖက်ဆက်စပ်၍ ကောင်းသောအကျိုးဆက်ရမည်။ မြင့်မားသော ရာထူးအဆင့် ပိုင်ဆိုင်သည့် မင်းစိုးရာဇာများနှင့် ဆက်နွယ်သည့်လမ်းကြောင်းပွင့်မည်။ ဘုန်းကံအစွမ်းအစ ကြီးမားသူများထံမှ အထောက်အကူရမည်။ အမျိုးသမီးများအဖို့ အထူးစန်းပွင့်မည်။ လူချစ်လူခင်ပေါများမည်။ ရေရှည်လက်တွဲ၍ရသော ဘဝအဖော်ကိုတွေ့မည်။ ရေနှင့်နီးသောနေရာကို သွားရမည်။ ရေနှင့်ပတ်သက်သော အကျိုးများရမည်။ အလုပ်အကြံအစည်သစ်များ လုပ်ကိုင်အောင်မြင်မည်။ ကျန်းမာရေးအညံ့ရှိသည်။ မောင်နှမသားချင်းနှင့် မိသားစုရေးရာအတွက် စိတ်ပင်ပန်း လူပင်ပန်းဖြစ်မည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းများ အပျက်အယွင်းများမည်။ သူတစ်ပါးအပေါ်ယုံစားခြင်းမရှိသင့်။

## နိုဝင်ဘာ ၂၃ ရက် မှ ဒီဇင်ဘာ ၂၁ ရက် နတ်တော်လ (SAGITTARIUS) (ဓနုရာသီဖွား)

June 18th မှ June 24th ကြား

ယှဉ်ပြိုင်ထိုးဖောက်၍ တိုးတက်မှုများရရှိမည်။ အနှောင့်အယှက်အခက်အခဲများ ကျော်လွှားနိုင်မည်။ တွေဝေဒွိဟဖြစ်စရာများ ပေါ်ပေါက်မည်။ စုပေါင်းဆောင်ရွက်ထားသည်များမှ ကောင်းသောအကျိုးဆက်ရမည်။ ကာလအတန်ကြာမသုံးရက်ဘဲ စုဆောင်းထားသောငွေများကို အလုံးအရင်းလိုက် သုံးစွဲရကိန်းကြုံမည်။ ရုတ်တရက်စိတ်ကူးပြီး ရှေ့တိုးဆောင်ရွက်ထားသည်များမှ ထူးခြားသောတိုးတက်မှုများရရှိမည်။ သူတစ်ပါးအပေါ်ယုံစားလွန်းခြင်း၊ မိမိကဲ့သို့သဘောထားတတ်ခြင်းကြောင့် အခွင့်ကောင်းများ၊ လက်တစ်လုံးခြားဆုံးရှုံးတတ်သည်။ တစ်ပါးသူနှင့်မတူသော အတွေးအခေါ်များ စိတ်ကူးများ ပေါ်ပေါက်မည်။ ဆန့်ကျင်ဘက်သဘာဝများနှင့် လုပ်ကိုင်ရခြင်းများရှိမည်။

## စက်တင်ဘာ ၂၃ ရက် မှ အောက်တိုဘာ ၂၃ ရက် သီတင်းကျွတ်လ (LIBRA) (တူရာသီဖွား)

June 18th မှ June 24th ကြား

အပြောင်းအလဲများ ရုတ်တရက်ဖြစ်ပေါ်မည်။ အလုပ်နေရာ၊ ဆက်ဆံရသောဝန်းကျင်အတွင်း ထူးခြားသော အပြောင်းအလဲရှိမည်။ မိသားစုကျန်းမာရေးအတွက် စိတ်ပင်ပန်းရမည်။ ပစ္စည်းအပျောက်အရှများမည်။ ငွေကုန်များမည်။ လုပ်ငန်းအတွင်း ထူးခြားသော ပုံစံသစ်များဖြစ်လာမည်။ အခါတိုင်းနှင့်မတူသော ပုံစံနှင့် လုပ်ခြင်း၊ လူသစ်များနှင့် ဆက်ဆံရခြင်းများကြုံမည်။ အရပ်ဝေးနိုင်ငံခြားခရီးကိစ္စ အစီအစဉ် လမ်းကြောင်းသစ်ထွင်ပြီး ပေါ်ပေါက်မည်။ လူမျိုးကွဲ၊ လူမျိုးခြားနှင့် ဆက်စပ်ပြီး လုပ်ငန်းအကြံအစည်များ အောင်မြင်မည်။ ခြံ၊ ကား၊ အခန်းကိစ္စ စကားပြောဆိုမှုများ အောင်မြင်မည်။

## ဩဂုတ် ၂၄ ရက် မှ စက်တင်ဘာ ၂၂ ရက် တော်သလင်းလ(VIRGO)(ကန်ရာသီဖွား)

June 18th မှ June 24th ကြား

ပတ်ဝန်းကျင်အပေါ်၌ လွှမ်းမိုးဆွဲဆောင်နိုင်စွမ်းမြင့်မားသည်။ မိမိအပေါ် လိုလိုလားလားကူညီသူများနှင့် တွေ့မည်။ သွေးမတော်သားမစပ်များကပင် အထောက်အကူပေးမည်။ လူချစ်လူခင်ပေါများမည်။ သူစိမ်းများထံမှ အထောက်အကူရမည်။ ပုံမှန်လုပ်ကိုင်ရသော လုပ်ငန်းသာမက ထူးခြားသောလုပ်ငန်းများ လုပ်ကိုင်ရင်း အောင်မြင်မည်။ နာမည်အောင်မြင်ခြင်း၊ စီးပွားကံ၊ အလုပ်ကံတိုးတက်ခြင်းများ အဆင့်ဆင့်ကြုံမည်။ အခွင့်ကောင်းများရခြင်း၊ ကောင်းသောအထောက်အကူရလင့်ကစား စိတ်ပျံ့လွင့်နေမည်။ အာရုံစူးစိုက်မှုအားနည်းနေသည်။ ငွေကြေးအကုန်အကျများမည်။ ကိုယ်ရေးကိုယ်တာကိစ္စများ လွဲဖယ်ထား၍ သူတစ်ပါးကိစ္စများကို အချိန်ကုန်ငွေကုန်ခံပြီး ဆောင်ရွက်နေရမည်။ မိသားစုနှင့်ပတ်သက်သော ကောင်းသတင်း၊ တိုးတက်ခြင်းများရရှိမည်။ လူမျိုးကွဲ၊ လူမျိုးခြားများနှင့် လုပ်ငန်းလုပ်၍ အကျိုးရှိမည်။

## ဖေဖော်ဝါရီ ၁၉ ရက် မှ မတ် ၂၀ ရက် တပေါင်းလ (PISCES (မိန်ရာသီဖွား)

June 18th မှ June 24th ကြား

အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ မိမိလိုလားချက်များ ဆန္ဒရည်ရွယ်ချက်များကို အကောင်အထည်ဖော်နိုင်မည်။ ပညာအတတ်နှင့် ပတ်သက်သောကိစ္စများ တိုးတက်မည်။ လူသစ်၊ ဝန်းကျင်အသစ်နှင့် တိုးတက်မှုသစ်များရရှိမည်။ ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စများတွင် စိတ်အနှောင့်အယှက်ရှိမည်။ နေထိုင်မှုနေရာနှင့် ဆက်ဆံရသောဝန်းကျင်အတွင်း အပြောင်းအလဲများဖြစ်ပေါ်မည်။ လမ်းသစ်ထွင်၍ လုပ်ကိုင်တိုးတက်မည်။ လူမျိုးကွဲများနှင့် တိုက်ရိုက်ဆက်ဆံပြီး လုပ်ကိုင်နိုင်မည်။ အခန်းကိစ္စ၊ နေအိမ်ကိစ္စအတွက် စကားပြောဆိုရခြင်းများ ကိုယ်တိုင်တွင်ဖြစ်စေ၊ မိသားစုတွင်ဖြစ်စေ ကြုံမည်။

## ဒီဇင်ဘာ ၂၂ ရက် မှ ဇန်နဝါရီ ၂၀ ရက် ပြာသိုလ (CAPRICORN) (မကာရရာသီဖွား)

June 18th မှ June 24th ကြား

ပြဿနာအခက်အခဲများကို ဖြေရှင်း၍ တိုးတက်မှုအဆင့်ဆင့်ရရှိမည်။ ငွေကြေးအလုပ်စီးပွားရေးရာအဖြာဖြာတွင် အောင်မြင်တိုးတက်မှုရမည်။ လမ်းဟောင်းကို ရပ်တန့်၍ လမ်းသစ်ထွင်ကာ ဆောင်ရွက်၍ အဆင်ပြေမှုများရမည်။ မတော်တဆထိခိုက်မှုသတိရှိရမည်။ မိသားစုတွင် အရပ်ဝေးခရီး၊ နိုင်ငံရပ်ခြားခရီးများ ဆောင်ရွက်အဆင်ပြေမည်။ သူတစ်ပါးနှင့် မတူသော အနေအထားမှ ထိုးဖောက်လုပ်ကိုင်ပါ။ လူလိမ်လူကောက်အန္တရာယ်အထူးဂရုစိုက်ရမည်။ ငွေကြေးရလိုမှုကို အကြောင်းပြု၍ ပဋိပက္ခပြုလာသူ များနှင့် ထိပ်တိုက်တွေ့မည်။ အများကိစ္စ၊ အဖွဲ့အစည်းကိစ္စများမှ ပြဿနာများ၊ ဖြေရှင်းစရာများ ကြုံတွေ့ရမည်။ တစ်ခုထက်မကသောလုပ်ငန်းများ လုပ်ကိုင်ရင်း မနာလိုခံရခြင်းရှိမည်။

## အောက်တိုဘာ ၂၄ ရက် မှ နိုဝင်ဘာ ၂၂ ရက် တန်ဆောင်မုန်းလ (SCORPIO) (ဗြိစ္ဆာရာသီ)

June 18th မှ June 24th ကြား

စိတ်အခြေအနေပြောင်းလဲနေသည်။ စိတ်ရှုပ်ထွေးနေသည်။ ရောက်ရှိနေသော အခြေအနေနှင့် ဖြစ်ပေါ်နေမှုများအပေါ် မကျေမနပ်ဖြစ်နေမည်။ အပြောင်းအလဲတစ်ခုခုကို တဇွတ်ထိုးလုပ်လိမ့်မည်။ လမ်းသစ်ထွင်ပြီးလုပ်မည်။ အခါတိုင်းနှင့်မတူသောပုံစံသစ်နှင့် တက်လမ်းဖန်တီးမည်။ ပြောင်းလဲလုပ်ကိုင်မှုမှ ထူးခြားသော အနေအထားကောင်းရမည်။ အိမ်သို့ကပြားစပ်သူတစ်ဦး လာရောက်တည်းခိုမည်။ အမှုပြဿနာရှိသူဖြစ်မည်။ သတိနှင့်လက်ခံပါ။ နေအိမ်တွင်ဖြစ်စေ၊ လုပ်ငန်းတွင်ဖြစ်စေ အလုပ်သမားမမြဲသော ကိန်းကြုံမည်။ ကိုယ်ကမည်မျှကောင်းစေ ကိုယ့်အပေါ်နားလည်စွာ တုန့်ပြန်ကောင်းသူမရှိ။

## မေ ၂၂ ရက် မှ ဇွန် ၂၁ ရက် နယုန်လ (GEMINI) (မေထုန်ရာသီဖွား)

June 18th မှ June 24th ကြား

အခက်အခဲများ ကျော်လွှား၍ တိုးတက်မည်။ မိတ်ကောင်းဆွေကောင်း အကူအညီရမည်။ လူမျိုးကွဲ ကောင်းကျိုးပေးမည်။ မိတ်ဆွေအကြီးအကဲများထံမှ ကောင်းသောအထောက်အကူရမည်။ စုပေါင်းပြီး လုပ်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုရမည်။ မိသားစုနှင့်ပတ်သက်သော သတင်းကောင်းကြားရမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။ အချစ်ရေး၊ မေတ္တာရေးကောင်းသည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ဆက်သွယ်ရမည်။ မိသားစုတွင် အိုးအိမ်ကိစ္စ၊ လုပ်ငန်းကိစ္စ အလုံးစုံတွင် ထင်ရှားသော အောင်မြင်မှုများရမည်။ ကျန်းမာရေးအညံ့ရှိသည်။ အစားအသောက်မှားတတ်သည်။ အစာမတည့်ခြင်း၊ ဆေးမတည့်ခြင်း ဝေဒနာဖြစ်တတ်သည်။

## ဇူလိုင် ၂၃ ရက် မှ ဩဂုတ် ၂၃ ရက် ဝါခေါင်လ (LEO) (သိဟ်ရာသီဖွား)

June 18th မှ June 24th ကြား

အပြောင်းအလဲများဖြစ်မည်။ ဦးတည်ချက်လမ်းကြောင်းနှင့် ဆောင်ရွက်မှုအနေအထား ပုံစံပြောင်း၍ လုပ်ကိုင်ရာမှတစစတိုးတက်သော အခြေအနေကို ကြုံမည်။ ဆွေမျိုး၊ သားချင်းများနှင့် ပဋိပက္ခဖြစ်တတ်သည်။ သူစိမ်း၊ လူမျိုးခြားများနှင့် ပေါင်းစည်းဆက်နွယ်၍ တိုးတက်မှုများ ဖြစ်ထွန်းလာမည်။ မေတ္တာရေးလမ်းကြောင်းတွင် အနှောင့်အယှက်များရှိမည်။ ပျိုရွယ်သူများအဖို့ ချစ်သူသစ်ရ၍ အဟောင်းနှင့်ပဋိပက္ခဖြစ်ကိန်းကြုံမည်။ လုပ်ငန်းခွင်အတွင်း ထူးခြားသော တက်လမ်းရမည်။ စုပေါင်း၍လည်းကောင်း၊ သူတစ်ပါးနှင့်တွဲဖက်၍ လည်းကောင်း အလုပ်ကိစ္စများ ဆောင်ရွက်အဆင်ပြေမည်။ ခရီးသွားခြင်း၊ လူမျိုးကွဲများနှင့် ဆက်သွယ်လုပ်ကိုင်ခြင်းများမှ ကောင်းသောအထောက်အကူရမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်ဖြတ်၍ မြင့်မားသောအဆင့်သို့ ဦးတည်ရောက်ရှိမည်။

## ဇွန် ၂၂ ရက် မှ ဇူလိုင် ၂၂ ရက် ဝါဆိုလ (CANCER) (ကရကဋ်ရာသီ)

June 18th မှ June 24th ကြား

ဖြစ်ပေါ်နေသည့်အခြေအနေအရပ်ရပ်ကို စနစ်တကျသုံးသပ်၍ ထူးခြားသောတက်လမ်းများရမည်။ ကြီးကဲသူများထံမှ အကူအညီများရခြင်း၊ အကြံဉာဏ်ကောင်းများရခြင်းရှိမည်။ ယှဉ်ပြိုင်မှုများ အောင်မြင်မည်။ အလုပ်အကိုင်နှင့် ပတ်သက်သော ကံအထူးကောင်းမည်။ စုပေါင်းတွဲဖက်၍ ဆောင်ရွက်သောကိစ္စမှ မြင့်မားသောအောင်မြင်မှုရမည်။ မေတ္တာရေးရာကံနှင့် အိမ်ထောင်ရေးရာကိစ္စအလုံးစုံအဆင်ပြေမည်။ မိသားစုစီးပွားရေးနှင့် လုပ်ငန်းရေးရာကံအထူးကောင်း၍ အောင်မြင်မှုအထင်အရှားရမည်။ ငွေကြေးမြှုပ်နှံမှုများမှ ထူးခြားသော တိုးတက်မှုရမည်။ ရုတ်တရက်ဆုံးဖြတ်ပြီးလုပ်သောကိစ္စမှ ကောင်းသောအကျိုးဆက်ရမည်။ မေတ္တာရေးကံကောင်းမည်။ ၅၂၈-၁၅၀၀ မေတ္တာနှစ်ခုစလုံးကောင်းသည်။ နောက်ကြောင်းပြန်၍ သုံးသပ်ခြင်းပြုပါ။ ထူးခြားသော အကျိုးဆက်များရမည်။

## ဇန်နဝါရီ ၂၁ ရက် မှ ဖေဖော်ဝါရီ ၁၈ ရက် တပို့တွဲလ (AQUARIUS) (ကုမ်ရာသီဖွား)

June 18th မှ June 24th ကြား

အခက်အခဲအတိုက်အခံ အားလုံးကို ကျော်လွှားပြီး အလိုရှိရာ ဆောင်ရွက်နိုင်မည်။ လိုလားချက်အားလုံးကို အလိုရှိသလောက် အောင်မြင်အောင် ဆောင်ရွက်နိုင်မည၊် သူတစ်ပါးနှင့် ယှဉ်လိုက်တိုင်း မိမိဘက်မှ အသာစီးရမည်။ ပေါ်ပေါက်လာသော စိတ်ကူးအကြံသစ်များကို လက်တွေ့အသုံးချပြီး အောင်မြင်အောင် ဆောင်ရွက်နိုင်မည်။ တစ်ပါးသူနှင့် ယှဉ်ပြီးလုပ်သောကိစ္စမှ ထင်ရှားသော တိုးတက်မှုဖြစ်ထွန်းမည်။ မိသားစုပိုင်ငွေရေး၊ ကြေးရေးကိစ္စများတွင်လည်း တိုးတက်အဆင်ပြေသော အနေအထားရှိမည်။ ကျန်းမာရေးအညံ့ရှိမည်။ အနေအထိုင် မဆင်ခြင်မှုကြောင့် ရောဂါဝေဒနာပေါ်ပေါင်းများ ဖြစ်တတ်သည်။ မိဘအကြီးအကဲ၊ လူကြီးများ၏ ကျန်းမာရေးကို အထူးဂရုစိုက်ရမည်။

# အားကစား

## ဘောလုံး အကယ်ဒမီ မေလ တတိယပတ် ဖွင့်မည်

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်တို့ ပူးပေါင်းဆောင်ရွက်ခဲ့သော မန္တလေးမြို့ရှိ ဘောလုံး အကယ်ဒမီကို မေလ တတိယပတ်တွင် ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း အဆိုပါ ဘောလုံးအကယ်ဒမီမှ ကျောင်းအုပ်ကြီး ဦးစိုးညွန့်က ပြောကြားသည်။ ၁၅ ဧက ကျယ်ဝန်းသည့် ဘောလုံးအကယ်ဒမီတွင် သုံးထပ်ဆောင် ပါရှိပြီး ဘောလုံးအသင်း သုံးသင်းစာ နေနိုင်သည့် အဆောင်၊ လူ ၁၂၀ စားသောက် နိုင်သည့် စားဖိုဆောင်၊ မီးဖိုခန်းတို့ ပါရှိသည်။ နည်းပြများအတွက် အဆောင်သီးသန့် ပါရှိပြီး အထူးဧည့်သည်များ အတွက်လည်း သီးသန့်အခန်း ထားရှိသည်။ ထို့ပြင် စာသင်ဆောင်၊ ကာယကြံ့ခိုင်မှု လေ့ကျင့်ဆောင်၊ အစည်းအဝေးခန်းမ စသည်တို့လည်း ပါရှိသည်။ "ဒီအဆောက်အအုံကို ကနဦးက ရောရှေ့ဝါ ကုမ္ပဏီက တာဝန်ယူခဲ့ပြီး ရေမီး၊ landscaping ပိုင်းတွေကို Max ကုမ္ပဏီက တာဝန်ယူခဲ့ပါတယ်။ ဖွင့်ပွဲရက်ကို မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်က သတ်မှတ်မယ့် ရက်ကိုပဲ ဖွင့်လှစ်မှာ ဖြစ်ပါတယ်။ ၂၁ ရက်နေ့လို့ပဲ ခန့်မှန်းထားရတာပါပဲ" ဟု ပြောကြားသည်။ အဆိုပါ ဘောလုံး အကယ်ဒမီအတွက် ၁၁ နှစ်အောက် အယောက် ၃၀၊ ၁၃ နှစ်အောက် အယောက် ၃၀၊ ၁၅ နှစ်အောက် အယောက် ၃၀၊ ရွေးချယ် ထားပြီးဖြစ်ကာ နိုင်ငံခြား နည်းပြချုပ်တစ်ဦး၊ မြန်မာ နည်းပြသုံးဦးတို့က တာဝန်ယူ သင်ကြားပေးမည့်အပြင် မြန်မာ့ ဘောလုံး လက်ရွေးစင် အဖြစ် မွေးထုတ်ရန် ရည်စူး ဆောင်ရွက်ထားကြောင်း သိရသည်။ အဆိုပါ ဘောလုံးအကယ်ဒမီသည်မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်သိပ္ပံလမ်း တောင်ဘက်၌ တည်ရှိကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၁ ရက်နေ့ထုတ် မြန်မာတိုင်း(မ်) ဂျာနယ်တွင် ဖော်ပြထားပါသည်။

## မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဖီဖာမှ အမျိုးသမီး ဘောလုံးကျွမ်းကျင်သူ လာရောက် အကူအညီပေးမည်

မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA)မှ အမျိုးသမီး ဘောလုံးရေးရာ ကျွမ်းကျင်သူ ဂျာမနီနိုင်ငံသူ Mrs. Monika Staab သည် ရန်ကုန်မြို့သို့ မေ ၂၄ ရက်မှ ၃၁ ရက်အထိ လာရောက်ပြီး လိုအပ်သည့် ဆွေးနွေး သင်ကြား ကူညီမှု များ ပြုလုပ်သွားမည် ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင် အသင်းများနည်းတူ အမျိုးသမီးအသင်းများကိုလည်း နိုင်ငံတကာ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ပြန်လည်ရရှိစေရန် ရေတိုရေရှည်စီမံချက်များ ချမှတ်အကောင်အထည်ဖော်နေသော မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် FIFA ထံသို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုးမှုများ ပေးရန် ဆက်သွယ် တင်ပြ တောင်းခံ ခြင်းကြောင့် ဂျာမနီ အမျိုးသမီး လက်ရွေးစင် ကစားသမားဟောင်းနှင့် နည်းစနစ် ညွှန်မှူးဟောင်းဖြစ်သူ FIFA Women Football Instructor Mrs. Monika Staab အားယခုကဲ့သို့ မြန်မာနိုင်ငံသို့ စေလွှတ်ခြင်း ဖြစ်သည်။ ၂၀၀၇ ခုနှစ်ကလည်း မြန်မာနိုင်ငံသို့ လာရောက်ဖူးသည့် Mrs. Monika Staab သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း မြန်မာ့ လက်ရွေးစင် အမျိုးသမီးအသင်း၊ လူငယ် လက်ရွေးစင်အသင်းနှင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တက္ကသိုလ် လက်ရွေးစင်အသင်းများ၏ လေ့ကျင့် ပြင်ဆင်မှုများ၊ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုအခြေအနေများကိုစစ်ဆေးကြပ်မတ် အကြံပြုမှုများ ပြုလုပ်သွားမည့်အပြင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်း မြန်မာ့အမျိုးသမီး ဘောလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်အလက်များကို ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်မည် ဖြစ်ကြောင်း ၂၀၁၀ ခုနှစ် မေလ ၂၀ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## မြန်မာမျိုးဆက်သစ် လူငယ် ဂေါက်သီးသမားများ နိုင်ငံတကာ ပြိုင်ပွဲများသို့ သွားရောက် ယှဉ်ပြိုင်လျက်ရှိ

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ဂေါက်သီးအားကစားဖြင့် နိုင်ငံ့ဂုဏ် မြှင့်တင်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် မြန်မာမျိုးဆက်သစ် လူငယ်ဂေါက်သီး အားကစား သမားများအား နိုင်ငံတကာပြိုင်ပွဲများသို့ စဉ်ဆက်မပြတ် စေလွှတ်ယှဉ်ပြိုင်စေလျက် ရှိသည်။ မေလ ၁၄ ရက်မှ ၁၆ ရက်အထိမလေးရှားနိုင်ငံ Seremban International Golf Club ၌ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီးချန်ပီယံရှစ်ပြိုင်ပွဲသို့ နေဗလဝင်းမြင့်၊ ရန်မျိုးအေးနှင့် ယဉ်မေမျိုးတို့ပါဝင်သော ဂေါက်သီးအားကစားအဖွဲ့သည်လည်းကောင်း၊ မေ ၂၀ ရက်မှ ၂၃ ရက်အထိမလေးရှားနိုင်ငံ Damai Laut Golf & Country Club တွင်ကျင်းပမည့် 108th Malaysian Amateur Open ဂေါက်သီးချန်ပီယံရှစ် ပြိုင်ပွဲသို့ ဦးစိုးကျော်နိုင်နှင့်ဦးဆန်းထွန်းတို့ဦးဆောင်ကာကစားသမားများအဖြစ် နေဗလဝင်းမြင့်၊ရန်မျိုးအေး၊ စိုးမိုးဝင်း၊ ယဉ်မေမျိုး၊ မောင်မောင်ဦးနှင့် ရဲထက်အောင်တို့ ပါဝင်သော အဖွဲ့သည် လည်းကောင်း၊ မေ ၂၅ ရက်မှ ၂၇ ရက်အထိ မလေးရှားနိုင်ငံ Saujana Golf & Country Club တွင် ကျင်းပမည့် Kurina Saujana Amaterur Open Golf Championships 2010 ပြိုင်ပွဲသို့ သွားရောက် ယှဉ်ပြိုင်ကြမည် ဖြစ်သည်။ မေ ၁၄ ရက်မှ ၁၆ ရက်အထိ မလေးရှားနိုင်ငံ Seremban Internat -ional Golf Club ၌ ကျင်းပသည့် 27th Men & 19th Ladies Amateur Open ဂေါက်သီး ချန်ပီယံရှစ် ပြိုင်ပွဲ၌ မယဉ်မေမျိုးက (၇၄)ချက်၊ (၇၆)ချက်၊ (၇၄)ချက် စုစုပေါင်း (၂၂၄) ချက်ဖြင့် ပထမဆုရရှိခဲ့ကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြထားပါသည်။

## ၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဝင်ရန် မြန်မာအသင်း တရုတ်နိုင်ငံသို့ ထွက်ခွာ

၂၀၁၀ ခုနှစ် အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲဝင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ၁၇ရက်နေ့က လေကြောင်းခရီးဖြင့် ပြိုင်ပွဲကျင်းပမည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြပြီ ဖြစ်သည်။ မေ ၁၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် အဆိုပါ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(က)၌ပါဝင်ပြီး မြောက်ကိုရီးယား၊ဂျပန်၊ ထိုင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေရာ မေ ၂၀ ရက်တွင် ဂျပန်အသင်း၊ မေ ၂၂ ရက်တွင် မြောက်ကိုရီးယားအသင်းနှင့် မေ ၂၄ ရက်တွင် ထိုင်းအသင်းတို့ နှင့် အုပ်စုပွဲစဉ်များအဖြစ် ယှဉ်ပြိုင် ကစားကြမည် ဖြစ်သည်။ အုပ်စု(ခ)တွင် အိမ်ရှင်တရုတ်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ဗီယက်နမ်တို့ ပါဝင်ပါသည်။ မြန်မာအသင်းမှာ ထိုင်းနှင့် ဗီယက်နမ်တို့ နည်းတူ ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ရပြီး ယင်းခြေစစ်ပွဲတွင် ဂျော်ဒန်ကို သုံးဂိုး - ဂိုးမရှိ၊ တရုတ်(တိုင်ပေ)ကို ငါးဂိုး-နှစ်ဂိုးတို့ဖြင့် နိုင်ကာအုပ်စုပထမဖြင့် ယခုပြိုင်ပွဲသို့ဝင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် နည်းပြချုပ် ဦးအေးကြူကြီး၊ လက်ထောက်နည်းပြ ဦးမျိုးမြင့်ထွေး၊ ဂိုးနည်းပြ ဦးမျိုးချစ်၊ အုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦး၊ အသင်းဆရာဝန် ဒေါက်တာခင်စောရီနှင့် ကစားသမားအဖြစ် ဂိုး- မေခင်ယမင်း၊ သင်းသင်းစိုး၊ နောက်တန်း- မြင့်မြင့်အေး၊ စန်းစန်းမော်၊ စန်းစန်းသိန်း၊ နန်းနှင်းနှင်းထွေး၊ နေဇာလင်းလင်းအောင်၊ မိုးမိုးဝါ၊ အလယ်တန်း- သူဇာထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်၊ သန်းသန်းထွေး၊ အေးအေးမာ၊ သန္တာမိုး၊ ခင်မိုးဝေ၊ ရှေ့တန်း- မိုင်နီလာထွေး၊ မာဂရက်မေရီ၊ ခင်မာလာထွန်း၊ ရီရီဦးနှင့် နော်အေးလိုဝါးဖောစသည့်ကစားသမား(၂၀) ဦး လိုက်ပါ သွားကြောင်း ၂၀၁၀ ခုနှစ် မေလ ၁၉ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြထားပါသည်။

# အနုပညာ

## မင်္ဂလာစရာဗီစီဒီကို အနုပညာမျှော်လင့်မှုတွေထားတဲ့ ဝိုင်းဆုခိုင်သိန်း

ပရိတ်သတ်အားပေးမှုတွေရခဲ့တဲ့ ဝိုင်းစုခိုင်သိန်းရဲ့ မင်္ဂလာစရာတေးစီးရီးကို ဖွန် ၁၉ရက်မှာ ဗီစီဒီအဖြစ် ပရိသတ်တွေ ခံစားကြည့်ရှုကြရဦးမှာပါ။ ဒီတော့ မင်္ဂလာစရာဗီစီဒီနဲ့ပတ်သက်တဲ့ အချက်အလက်တွေနဲ့အစပြုကာ ဝိုင်းစုခိုင်သိန်းကို မေးခွန်းတွေမေးကြည့်ဖြစ်ခဲ့ပါတယ်။

မေး - ဝိုင်းစုရဲ့ မင်္ဂလာစရာ ဗီစီဒီမှာ အမြည်းကြည့်ရရုံနဲ့ တစ်ခွေလုံးမှာ အိုင်ဒီယာတွေ ဆန်းနေမှာပဲလို့ သတိထားမိတယ်။

ဖြေ - အဲဒါကဒီလိုပါ။ ဝိုင်းစုဘက်ကလည်း ပုံမှန်အတိုင်းချမပြချင်ဘူးလေ။ မြင်နေကျ အမြင်တွေကနေ ခွဲထွက်ကြည့်ထားတာပါ။

မေး - အမြင်ဆန်း၊ ပုံစံဆန်းသစ်မှုတွေနဲ့ ကြိုးစားထားတဲ့အပေါ် မျှော်လင့်ထားမှုရောရှိပါသလား။ ပွင့်ပွင့်လင်းလင်း မေးတာနော်။

ဖြေ - မျှော်လင့်ထားပါတယ်။ ဝိုင်းစုအရမ်းကြိုးစားထားတယ်လေ။ အဲဒီကြိုးစားမှုအပေါ် မျှော်လင့်တာပါ။

မေး - ထပ်မေးမယ်နော် . . မျှော်လင့်တယ်ဆိုတာက . . .

ဖြေ - သြော် . . မျှော်လင့်တယ်ဆိုတာက ငွေကြေးအမြတ်တွေရပါစေဆိုပြီး မျှော်လင့်တာမဟုတ်ပါဘူး။ ဝိုင်းစုမျှော်လင့်တာက . . ဝိုင်းစုကြိုးစားထားတဲ့အပေါ် ပရိသတ်အားပေးတဲ့ အနုပညာအောင်မြင်မှုကိုပါ။ အနုပညာအောင်မြင်မှုကိုသာ ဝိုင်းစုမျှော်လင့်ပါတယ်။

မေး - ဝိုင်းစုရဲ့ သီချင်းတွေကလည်း Audio ပိုင်းမှာတင် တော်တော်ပေါက်တယ်။ ဂီတနဲ့ပတ်သက်တဲ့ ဝိုင်းစုရဲ့စခန်းကလည်း မသေးဘူးနော်။

ဖြေ - အရင်က အလုပ်မလုပ်ခင်တုန်းက သူများတွေပြောတာကြားဖူးတယ်။ ကံတွေစန်းတွေက အရေးကြီးတယ်လို့ကြားဖူးတယ်။ ကိုယ်လည်း အနုပညာလောကထဲရောက်လာတော့ အဲဒီကံတွေ၊ စိန်းတွေကို လက်ခံလာတော့တယ်။ ဒါပေမယ့် ကံကောင်းလာမယ့်အချိန် စန်းထလာမယ့်အချိန်ကို ငုတ်တုတ်ထိုင်စောင့်နေလို့တော့မရပါဘူး။ ကိုယ့်ဘက်ကလည်း ကြိုးစားဖို့လိုတာပေါ့။ ဂီတဘက်မှာ အောင်မြင်လာတာ ခုနအစ်မမေးသလိုပေါ့။ ကိုယ့်ကြိုးစားမှုတွေနဲ့ ကံတွေစန်းတွေ အားကောင်းလာတဲ့အချိန်နဲ့သွားပြီးဆုံးတွေ့လို့ အောင်မြင်တယ်လို့ ဝိုင်းစုမြင်ပါတယ်။

မေး - သရုပ်ဆောင် . . ဂီတနှစ်ခုလုံးမှာ အောင်မြင်နေတဲ့ ဝိုင်းစုရဲ့ အောင်မြင်မှုအပေါ်ထားတဲ့ ခံယူချက်ဆောင်ပုဒ်ရှိရင် ပြောပြပါဦး။

ဖြေ - ခံယူချက် . . ဆောင်ပုဒ်တော့မရှိပါဘူး။ အဓိက ကတော့ ဝါသနာကိုအရင်းခံပြီး ရိုးရိုးသားသားကြိုးစားရင်းအောင်မြင်မှုနဲ့တွေ့မှာပဲလေ။ ဝိုင်းစုအခုတွေ့နေတဲ့ အောင်မြင်မှုက အရမ်းကြီး၊ မကြီးကျယ်သေးပါဘူး။ ကိုယ့်ဘာသာကိုယ်တော့ ငါလိုသေးတယ်လို့မြင်ပြီး သိပ်အားမရသေးပါဘူး။

(၂၀၁၀ခုနှစ် ဖွန်လ ၂၀ရက်နေ့ထုတ် 24/7 News ဂျာနယ်)

## စိုင်းစိုင်းခမ်းလှိုင်ဖွဲ့ဆိုလာတဲ့ အနုပညာမောင်နှမဆိုတာ

မင်္ဂလာစရာ VCD မှာ ဒါရိုက်တာအဖြစ်လည်း ပါဝင်ရိုက်ကူးပေးထားတဲ့ စိုင်းစိုင်းခမ်းလှိုင်က "ကျွန်တော်တို့ အနုပညာလောကမှာ အနုပညာမောင်နှမ . . အနုပညာမောင်နှမဆိုပြီး တော်တော်ပြောကြပါတယ်။ တော်တော်လည်းခေတ်စားပါတယ်။ ဒါပေမယ့် တချို့က လွယ်လွယ်ပဲ အနုပညာမောင်နှမလို့ခေါ်လိုက်တယ်။ ပေါ့ပေါ့တန်တန်လို့ပဲထင်ရင် ထင်ကြမယ်။ အမှန်တော့ အရမ်းလေနက်ပါတယ်။ ကျွန်တော်တို့အနုပညာလောကထဲရောက်လာတာဟာ အနုပညာကို ဝါသနာပါလို့ဝင်လာတာပဲလေ။ အဲဒီတော့ အနုပညာကို ဝါသနာပါခုံမင်ကြသူတွေက စိတ်တူကိုယ်တူဖြစ်ကြတာများပါတယ်။ ကျွန်တော်တို့ အနုပညာလောကထဲမှာ ကြုံရတဲ့ အခက်အခဲတွေ ရင်ဆိုင်ရတာချင်းအတူတူပါပဲ။ ဥပမာဗျာ။ ကျွန်တော်တို့ဇာတ်ကာအတွက်ပဲဖြစ်ဖြစ် ခရီးသွားကြမယ်။ ခရီးမှာကြုံရမယ့် စိတ်ညစ်စရာတွေကိုလည်း မျှဝေခံစားကြမှာပဲ၊ ပျော်ရင်လည်း အတူတူပျော်ကြမှာပဲလေ။ တစ်ခါတလေ ကျွန်တော်စဉ်းစားမိတယ်။ အနုပညာမောင်နှမတွေက သွေးသားရင်းမောင်နှမတွေထက် ပိုရင်းနီးမှုရှိကြတယ်။ ပိုနားလည်မှုရှိကြပါလားလို့ စဉ်းစားမိတယ်။ မောင်နှမအရင်းဆိုပေမယ့် ကိုယ်ခံစားရတာကို သူတို့နားလည်ချင်မှ နားလည်မယ်လေ။ ဒါသူတို့ကိုလည်း အပြစ်ပြောလို့မရပါဘူး။ အနုပညာရပ်ဝန်းထဲမှာ ကျင်လည်မှ ဒုက္ခတွေကို အတူခံစားဖူးမှ . . . ပျော်ရွှင်မှုတွေကို မျှဝေဖူးမှနားလည်မှာလေ။ ကျွန်တော်တို့ အနုပညာမောင်နှမတွေက တစ်ယောက်အပေါ်တစ်ယောက် နားလည်ကြတယ်" လို့ VCD မိတ်ဆက်ပွဲနေ့မှ သူ့အမြင်ကို ဖွင့်ဆိုခဲ့ပါတယ်။

(၂၀၁၀ခုနှစ် ဖွန်လ ၂၀ရက်နေ့ထုတ် 24/7 News ဂျာနယ်)